# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ် (၁၁၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်း များကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် Video Message ဖြင့် မိန့်ခွန်းပြောကြားစဉ်။

ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ-

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား ချုပ်ဆိုတဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို ချုပ်ဆိုခဲ့တာ (၇) နှစ် ပြည့်မြောက်တဲ့နေ့ ဖြစ်ပါတယ်။ ယနေ့ကျရောက်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၇)နှစ်ပြည့် နှစ်ပတ်လည်နေ့မှာ


*စာမျက်နှာ ၃ ကော်လံ ၁ ❍*


**"ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှု ကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲ ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက် ခရီးပေါက်မှာမဟုတ်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုပ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေ သတိပြုမိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။**




မြန်မာ့အလင်း

# ဂုဏ်သိက္ခာမြင့်မားသည့် နိုင်ငံရေးနည်းလမ်းဆီ

အတိတ်ကာလက နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုအုပ်ချုပ်မှုနှင့် မျက်မှောက်ကာလတွင် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးကို ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုတို့က ပြည်ထောင်စုဖွား သွေးချင်းတို့ကြားမှာ ကြီးစွာသော ရန်ဆူးရန်ငြောင့်တစ်ခုအဖြစ်နှင့် အနှောင့်အယှက်ပြု နေဆဲပင်ဖြစ်သည်။ ကိုလိုနီနယ်ချဲ့ဝါဒီလက်ဟောင်း လက်သစ်တို့ အစပျိုးခဲ့သည့် သံသယမျိုးစေ့မှသည် စည်းလုံးညီညွတ်မှုတို့ အက်ကြောင်းထင်ကာ လက်နက်ကိုင်ပဋိပက္ခများ၊ တည်ငြိမ်အေးချမ်းမှုကင်းမဲ့သည့် ဘဝများ၊ ဖွံ့ဖြိုးတိုးတက်မှု နည်းပါး ခေတ်နောက်ကျမှုများဖြင့် ဆယ်စုနှစ်များ တစ်ခုပြီးတစ်ခု ဖြတ်သန်းခဲ့ရသည်။

မိမိတို့နိုင်ငံကို ကျွန်ပြုခဲ့သည့် ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏ နေမဝင်အင်ပါယာအတွင်းသို့ သွတ်သွင်းခဲ့သည့် နိုင်ငံတိုင်းမှာ သွေးခွဲသပ်လျှိုအုပ်ချုပ်မှုကို စနစ်တကျ အစီအစဉ်ချ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မြေပြန့်ဒေသများကို ပုံစံတစ်မျိုးအုပ်ချုပ်ပြီး တောင်တန်းဒေသများတွင် ပဒေသရာဇ်အုပ်ချုပ်မှုပုံစံ ဆက်၍ထားခဲ့သည်။ ပဒေသရာဇ်အုပ်ချုပ်မှုမှာ ဟန်ပြသာဖြစ်ပြီး ၎င်းတို့၏အထက်တွင် နယ်ချဲ့အရာရှိက အုပ်ချုပ်နေခြင်းဖြစ်သည်။ တောင်တန်းနှင့် မြေပြန့်အကြား နိုင်ငံရေးနိုးကြားမှုနှင့် ဖွံ့ဖြိုးမှုတို့ ကွာဟသွားခဲ့သလို ဒေသသားတို့ကို မူးယစ်ဆေးဝါး(ဘိန်း) နှင့် လောင်းကစားတို့တွင် နစ်မွန်းအောင်လည်း ဖန်တီးခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း တောင်တန်းဒေသ လူငယ်တို့က နိုင်ငံရေးနိုးကြားပြီး တောင်တန်း မြေပြန့် အတူတကွ လွတ်လပ်ရေးရယူရန် ကြိုးပမ်းကြချိန်တွင် ကိုလိုနီနယ်ချဲ့အရာရှိတို့က တိုင်းရင်းသားပဒေသရာဇ် အသိုင်းအဝိုင်းများအကြားတွင် “ဗမာတွေကို မယုံနဲ့။ ဒီကောင်တွေမှာ ပိုက်ဆံမရှိဘူး” စသည့်စကားများဖြင့် သပ်လျှိုသွေးခွဲခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်လာခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများသည် အထက်ပါသွေးခွဲမှုကို အခြေခံကာ သံသယများပေါ်ပေါက်ခဲ့ရာမှ စတင်ခဲ့သည်။ ဝါဒရေးကြောင့်၊ လူမျိုးရေးကြောင့်၊ ဘာသာရေးကြောင့် စသည်ဖြင့် အကြောင်းအမျိုးမျိုးတို့ကို အကြောင်းပြု၍ လက်နက်စွဲကိုင်ခဲ့ကြသည်။ တိုင်းရင်းသားမျိုးနွယ်များသလောက် လက်နက်ကိုင်အဖွဲ့အစည်းကလည်း များခဲ့ကြသည်။ နယ်စပ်ဒေသ တိုင်းရင်းသား လူမျိုးအချို့မှာ တစ်ဖက်နိုင်ငံတွင်လည်း အမျိုးအနွယ်တူများ ၎င်းနိုင်ငံသားအဖြစ် ရှိနေကြသည့်တိုင် မိမိတို့နိုင်ငံဘက်ခြမ်း၌သာ ပြဿနာရှိနေသကဲ့သို့ ဖြစ်နေသည်မှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ တောင်ပေါ်သားဖြစ်စေ၊ မြေပြန့်သားဖြစ်စေ၊ ပြည်ထောင်စုဖွားအားလုံး တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်မိသားစုတည်းဟူသော သွေးသားရင်းချာ စိတ်ဓာတ်တို့ ပြန်လည်ထွန်းကားကြဖို့ နှိုးဆော်တိုက်တွန်းလိုသည်။

ယခုအခါ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း(၇)နှစ်ပြည့်မြောက်သကဲ့သို့ မြန်မာနိုင်ငံ လွတ်လပ်ရေးသည်လည်း မကြာမီ(၇၅)နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။ စိန်ရတုကာလသို့တိုင် အဖြေမထွက်နိုင်သည့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ ဂုဏ်သိက္ခာမြင့်မားသည့် နိုင်ငံရေးနည်းလမ်းဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို စည်းလုံးညီညွတ်စွာ အတူတကွ တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

# ကျိုင်းတုံခရိုင်နှင့် မက်မန်းခရိုင်အတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**ကျိုင်းတုံ အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းခရိုင်နှင့် မက်မန်းခရိုင်အတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများ လျာထားသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၃ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

**မဲရုံသုံးပစ္စည်းများ ဖြည့်ဆည်း**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးနှင့် ဦးမင်းမင်းဦးတို့က လာမည့် ရွေးကောက်ပွဲတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေး မြို့နယ်များအလိုက် အခြေခံမဲဆန္ဒရှင် စာရင်းများ ပြည့်စုံမှန်ကန်ရေး ပြောင်းဝင်၊ ပြောင်းထွက်၊ သေဆုံး စသည့် လူဦးရေစာရင်းများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ လစဉ် Update ဖြစ်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မြို့နယ်များအလိုက် မဲပေးပိုင်ခွင့်ရှိသူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး မဲရုံနေရာချထားမှု၊ မဲရုံသုံးပစ္စည်းများ ဖြည့်ဆည်းခြင်းနှင့် လိုအပ်ချက်များ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**မဲရုံများ လျာထားသတ်မှတ်**

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ရွေးကောက်ပွဲ အရာရှိ ဦးကျော်မိုးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး လစဉ်စိစစ်ဆောင်ရွက်နေမှုများနှင့် မဲရုံများ လျာထားသတ်မှတ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျိုင်းတုံခရိုင်၊ မိုင်းယန်းခရိုင်၊ မက်မန်းခရိုင်နှင့် မြို့နယ်များမှ ရွေးကောက်ပွဲအရာရှိများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တာဝန်ရှိသူများ၊ တပ်နယ်တာဝန်ခံများက ရွေးကောက်ပွဲ အကြိုကာလ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လျာထားမဲရုံများ အတည်ပြု**

ထို့အတူ အောက်တိုဘာ ၁၄ ရက်တွင် ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင် အဖွဲ့ဝင်များက ကျိုင်းတုံခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်/မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရာရှိများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တာဝန်ခံများနှင့် ၂၀၂၃ ခုနှစ်အတွက် လျာထားသော မဲရုံများနှင့် ပတ်သက်၍ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ကျိုင်းတုံမြို့နယ်အတွင်း လျာထားမဲရုံများ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်းများ ညှိနှိုင်းဆောင်ရွက်၍ မဲရုံတည်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ဓာတ်ပုံ-အောင်ဇင်မြင့်**

**(ပြန်/ဆက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပမည့် ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လက်တွေ့လေ့ကျင့်ခြင်းအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်မည်



**နေပြည်တော် အောက်တိုဘာ ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လက်တွေ့လေ့ကျင့်ခြင်းအလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကလေးကျန်းမာရေး) ဒေါက်တာသိင်္ဂီအောင် ဦးဆောင်သည့် ကလေးအထူးကုဆရာဝန်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ခြောက်ဦးတို့သည် အောက်တိုဘာ ၁၅ ရက် ည ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ်အမှတ် (PG-704) ဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ **(အပေါ်ယာပုံ)**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ ကလေးအထူးကုဆရာဝန်များ တက်ရောက်ကြမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ကလေးကျန်းမာရေးဆိုင်ရာ ဆေးပညာနှင့် ကူးစက်ရောဂါများဆိုင်ရာ ကျွမ်းကျင်မှုစွမ်းရည်စသည့် ဆေးပညာရပ်ဆိုင်ရာ အသိပညာမြှင့်တင်ခြင်းနှင့် တက်ရောက်လာသူ ပညာရှင်များအကြား အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတကာနှင့် ဆေးပညာနယ်ပယ်တွင် အတူတကွပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်လည်း ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံအကြား ကျန်းမာရေးပညာရှင်များ အပြန်အလှန်စေလွှတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

**❑ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေတိုင်းမှာ NCA နဲ့ပတ်သက်ပြီး အမြဲထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒီလိုထည့်သွင်းပြောကြားရခြင်းဟာ NCA စာချုပ်သည် ကျွန်တော်တို့နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အဓိကအကျဆုံး အခြေခံလုပ်ဆောင်ရမယ့်အချက်ဖြစ်လို့ပဲ ဖြစ်ပါတယ်။**

**❑ NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲတာမဟုတ်ဘဲ ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုတွေဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ကနဦးအဆိုပြုချက်တွေအပေါ်မှာ အခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာရှိ နိုင်ငံအချို့နဲ့ အဖွဲ့အစည်းအသီးသီးတို့က အသိအမှတ်ပြု ပါဝင်လက်မှတ်ရေးထိုးထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒီလို ခိုင်မာအတည်ပြုပြီးသားလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနိုင်မှသာ ကျွန်တော်တို့အားလုံးမျှော်မှန်းထားတဲ့ အေးချမ်းသာယာတဲ့ နိုင်ငံတော်ကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာပဲ ဖြစ်ပါတယ်။**

○ *ရှေ့ဖုံးမှ*

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး အားလုံးလိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးရဲ့အကျိုးကို ထာဝစဉ်ရေးရှုဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံနဲ့ အဓိကအကျဆုံး ပကတိလိုအပ်ချက်ဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပဲ ဖြစ်ပါတယ်။ အတိတ်သမိုင်းအရ ကျွန်တော်တို့တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ကျွန်တော်တို့ရဲ့ပြည်ထောင်စုနိုင်ငံတော်ကြီးဟာ တိုင်းတစ်ပါးလက်အောက်မှာ နှစ်ကာလတစ်ရာကျော်ကြာ ဖြတ်သန်းနေထိုင်ခဲ့ရပါတယ်။ ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့က ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ သွေးစည်းညီညွတ်မှု၊ စည်းလုံးခြင်းအင်အားတို့ကို စနစ်တကျ အစီ အစဉ်ချကာ သွေးခွဲအုပ်ချုပ်ခဲ့ပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားတွေ တစ်ဦးကိုတစ်ဦး ရန်သူသဖွယ်ထင်မြင်လာအောင် ဆောင်ရွက်ခဲ့ပါတယ်။ မလွဲသာ၍ လွတ်လပ်ရေးပေးရတော့မယ့်အချိန်အထိ ခွဲခြားအုပ်ချုပ်မှုတွေ၊ သပ်လျှိုသွေးခွဲမှုတွေနဲ့ အချင်းချင်းစည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ဆောင်ခဲ့ကြပါတယ်။

မည်သို့ပင်သွေးခွဲစေကာမူ ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ မျိုးချစ်စိတ်ကိုအရင်းတည်ပြီး ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို တည်ဆောက်ပြီး လွတ်လပ်ရေးကိုပြန်လည်ရယူခဲ့ကြပါတယ်။ သို့သော်လည်း နယ်ချဲ့တို့ရဲ့ သွေးခွဲသပ်လျှိုမှုအကျိုးဆက်ကယနေ့တိုင်ထင်ကျန်နေဆဲဖြစ်သလို လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက်မှာလည်း မြန်မာနိုင်ငံကို လွှမ်းမိုးနိုင်ရေး နည်းမျိုးစုံနဲ့ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်း မတည်ငြိမ်တဲ့နယ်မြေတွေ ရှိနေရခြင်းဟာလည်း နယ်ချဲ့တို့ရဲ့ သွေးထိုးလှုံ့ဆော်မှုအရှိန်နဲ့ နောက်ပိုင်းမှာလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့မှုတွေကြောင့် ဖြစ်ပါတယ်။ ဒီအရှိန်၊ ဒီအမွေဆိုးတွေကို ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုတွေ ဖြေရှင်းနေတာ နှစ်ပေါင်း ၇၀ကျော်ကြာပြီဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေတိုင်းမှာ NCA နဲ့ပတ်သက်ပြီး အမြဲထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒီလိုထည့်သွင်းပြောကြားရခြင်းဟာ NCA စာချုပ်သည် ကျွန်တော်တို့နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အဓိကအကျဆုံး အခြေခံလုပ်ဆောင်ရမယ့်အချက်ဖြစ်လို့ပဲ ဖြစ်ပါတယ်။ NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲတာ မဟုတ်ဘဲ ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုတွေဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ကနဦးအဆိုပြုချက်တွေအပေါ်မှာ အခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာရှိ နိုင်ငံအချို့နဲ့ အဖွဲ့အစည်းအသီးသီးတို့က အသိအမှတ်ပြု ပါဝင်လက်မှတ်ရေးထိုးထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒီလို ခိုင်မာအတည်ပြုပြီးသားလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနိုင်မှသာ ကျွန်တော်တို့အားလုံးမျှော်မှန်းထားတဲ့ အေးချမ်းသာယာတဲ့ နိုင်ငံတော်ကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲ ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက်ခရီးပေါက်မှာမဟုတ်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုပ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေ သတိပြုမိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ လက်တွေ့ကျတဲ့၊ ဖြစ်နိုင်တဲ့ လုပ်ဆောင်ချက်တွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ယခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ်ထုတ်ပြန်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါတယ်။ ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး နိုင်ငံတော်နဲ့တပ်မတော်အကြီးအကဲဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။ အခုဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ ၂ ကြိမ် တွေ့ဆုံခဲ့ပြီး ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးကြရာမှာ ပြည်သူလူထုရဲ့လိုလားချက်ဖြစ်ပြီး ကျွန်တော်တို့အစိုးရရဲ့ မူဝါဒနှစ်ရပ်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်ရေးကို အားလုံးက လက်ခံသဘောတူကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနဲ့ သူတို့ရဲ့ လိုအင်ဆန္ဒတွေ၊ ဖြစ်ချင်တာတွေ၊ မျှော်မှန်းချက်တွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေဖို့ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေ၊ ဆက်လက်ဆောင်ရွက်သွားရမယ့် ကိစ္စရပ်တွေကို ပြန်လည်ဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံမှုတိုင်းမှာ ပြည်သူလူထုနဲ့ နိုင်ငံတော်အတွက် ကောင်းမွန်တဲ့ရလဒ်တွေရရှိခဲ့တယ်လို့ အသိပေးပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ ရပ်တည်သွားရမယ့် အခြေခံအချက် ၂ ခု ရှိပါမယ်။ ဒါတွေကတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်သွားပါမယ်။ နောက်တစ်ခုကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။ NCA အပေါ်မှာ ဘာကြောင့်ရပ်တည်သင့်တယ်ဆိုတာကို ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဟာလည်း တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ သဘောဆန္ဒအရ ရေးဆွဲထားတာမဟုတ်ပါဘူး။ နိုင်ငံရေးပါတီများအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးများအစုအဖွဲ့၊ တောင်သူလယ်သမားအစုအဖွဲ့၊ အလုပ်သမားအစုအဖွဲ့၊ အသိပညာရှင်/ အတတ်ပညာရှင်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများအစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့စတဲ့ အစုအဖွဲ့ ၈ ဖွဲ့က ကိုယ်စားလှယ်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရေးဆွဲခဲ့တာဖြစ်ပါတယ်။ အခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလကနေ ၁၉၉၆ ခုနှစ် အထိ ၂ နှစ်ကျော်ကြာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ ခုနကပြောခဲ့တဲ့ အစုအဖွဲ့ ၈ ဖွဲ့က ကိုယ်စားလှယ် ၇၀၂ ဦးက ဆွေးနွေးရေးဆွဲခဲ့တာဖြစ် ပါတယ်။ ၂၀၀၄ ခုနှစ်၊ မေလကနေ ၂၀၀၇ ခုနှစ်၊ ဧပြီလအထိ ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်အရေအတွက်ကို ၁,၀၈၆ ဦးအထိ တိုးချဲ့ပြီးဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားညီလာခံကို တက်ရောက်ရမယ့်ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့ရာမှာလည်း နိုင်ငံရေးပါတီများအစုအဖွဲ့နဲ့ ရွေးချယ်ခံကိုယ်စားလှယ်များ အစုအဖွဲ့မှအပ ကျန်အစုအဖွဲ့များရဲ့ ကိုယ်စားလှယ်တွေကို ကိုယ်စားလှယ်ရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ၎င်းအဖွဲ့များက မဲဆန္ဒပြု ရွေးချယ်ခြင်း၊ အရည်အချင်းသတ်မှတ်ချက်များသတ်မှတ်ခြင်း

*စာမျက်နှာ ၄ သို့*

**◆ ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး နိုင်ငံတော်နဲ့ တပ်မတော်အကြီးအကဲဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။ အခုဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ ၂ ကြိမ် တွေ့ဆုံခဲ့ပြီး ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးကြရာမှာ ပြည်သူလူထုရဲ့လိုလားချက်ဖြစ်ပြီး ကျွန်တော်တို့အစိုးရရဲ့ မူဝါဒနှစ်ရပ်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်ရေးကို အားလုံးက လက်ခံသဘောတူကြပါတယ်။**

**❖ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ သူတို့ရဲ့ လိုအင်ဆန္ဒတွေ၊ ဖြစ်ချင်တာတွေ၊ မျှော်မှန်းချက်တွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေဖို့ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေ ၊ ဆက်လက်ဆောင်ရွက်သွားရမယ့် ကိစ္စရပ်တွေကို ပြန်လည်ဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံမှုတိုင်းမှာ ပြည်သူလူထုနဲ့ နိုင်ငံတော်အတွက် ကောင်းမွန်တဲ့ရလဒ်တွေရရှိခဲ့တယ်လို့ အသိပေးပြောကြားလိုပါတယ်။**

*စာမျက်နှာ ၃ မှ*

စတဲ့ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အသက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အနှစ်သာရဖြစ်တဲ့ အခြေခံမူ ၁၀၄ ချက်ကို ချမှတ်ရာမှာလည်း အမျိုးသားညီလာခံမှာ အစုအဖွဲ့အသီးသီးက တင်သွင်းခဲ့တဲ့ စာတမ်း ၂၂ စောင်၊ စာမျက်နှာ ၉၀၀ ကျော်အပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့်၊ အချေအတင် ဆွေးနွေးပြီး သဘောတူညီချက်များ ရယူချမှတ်ခဲ့တာကို တွေ့ရပါတယ်။ အဲ့ဒီအထဲမှာ အခြားဖိတ်ကြားသူများ အစုအဖွဲ့ထဲမှာ ပါဝင်တဲ့ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ခေါင်းဆောင်တွေ၊ NLD အပါအဝင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပါတီတွေက ခေါင်းဆောင်များနဲ့ ကိုယ်စားလှယ်များပါ ပါဝင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းရှိပြီးဖြစ်တယ်။ အခြေခံဥပဒေမူကြမ်းကို အတည်ပြုရာမှာလည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွေကို ၂၀၀၈ ခုနှစ်၊ မေလ အတွင်းမှာ ကျင်းပခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ပြီး ဆန္ဒမဲ ပေးသူတွေအနက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံမဲပေးပြီး ဒီမိုကရေစီနည်းလမ်းကျ အတည်ပြုခဲ့တာဖြစ်ပါတယ်။ အမျိုးသားညီလာခံကို တက်ရောက်ခဲ့သူတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို မဲပေးခဲ့သူများဟာ ခုထိရှိနေပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့အစိုးရအနေနဲ့ အခု တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းကျ ပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့် ပြည်သူလူထု လိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာ ပြောလိုပါတယ်။ ဒ့ါကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့လည်း အစိုးရနဲ့လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော့်အနေနဲ့ နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်ဖြစ်တဲ့ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

ဒီအထဲမှာ တိုင်းရင်းသားညီအစ်ကိုတွေအတွက် အလေးပေးထားတာတွေ များစွာပါရှိပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် အမှတ်စဉ်(၄)မှာလည်း "တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း အလေးအနက်ထားလုပ်ဆောင်သွားမည်" ဆိုတဲ့အချက်ကို အတိအလင်း ထည့်သွင်းထားပါတယ်။ နိုင်ငံရေးဦးတည်ချက်မှာလည်း ထည့်သွင်းထားပါတယ်။ ဒီလုပ်ဆောင်ချက်တွေကတစ်ဆင့် အမျိုးသားရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလိုပုံဖော်နိုင်ဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှိကိုရှိရမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီဆိုပြီး ကော်မတီ ၃ ရပ်ဖွဲ့စည်းပြီး ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ညှိနှိုင်းရေးကော်မတီအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ (၈၈)ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးရာမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးရဲ့ နိုင်ငံရေးရည်မှန်းချက်တွေ၊ သဘောထားတွေ၊ ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာတွေကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော်တို့ရဲ့ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်မှာပါဝင်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်ရာမှာ နိုင်ငံရဲ့အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့တာကို သတိရဖို့လိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပြည်ထောင်စုနိုင်ငံ ထူထောင်ကြဖို့နဲ့ပတ်သက်ပြီး ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘောတည်ထောင်မလား၊ လူမျိုးကြီးတစ်မျိုးတည်းပဲဆိုတဲ့ တိုင်းပြည်မျိုး(Unitary State)တည်ထောင်မလားဆိုတော့ ပြည်ထောင်စု(Union) သဘောမျိုးပဲ ဖြစ်ရမယ်။ ဒါမှ လူမျိုးအားလုံး တိုင်းသူပြည်သားအများဆုံး တိုးတက်မှုကိုလုပ်နိုင်မှာပဲလို့ ပြောကြားခဲ့တာရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြည်ထောင်စု(Union)ဆိုတဲ့ စကားကို သတိပြုမိဖို့လိုအပ်မှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးကြီး ၈ မျိုး၊ လူမျိုးစု ၁၃၀ ကျော်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးတိုင်းဟာ တူညီတဲ့ အခွင့်အရေးများ ရဖို့လိုပါတယ်။ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တိုင်းရင်းသားများအရေးနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့အခွင့်အရေးတွေ၊ ရသင့်ရထိုက်တဲ့ ရပိုင်ခွင့်တွေရရှိအောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကို ထောက်ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒ့ါကြောင့် မတူကွဲပြားတဲ့ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသား လူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျ ကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာလည်း ကျွန်တော့်အနေနဲ့ EAO ခေါင်းဆောင်များကို ဆွေးနွေးရှင်းပြပြီးဖြစ်ပါတယ်။ အခု တိုင်းရင်းသားများရဲ့ဆန္ဒနဲ့ လိုလားချက်တွေကို ဒီမိုကရေစီနည်းလမ်းကျ ဆောင်ရွက်ပေးနိုင်ဖို့က နိုင်ငံရေးစင်မြင့်ဖြစ်တဲ့ လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိလာဖို့ လိုအပ်ပါတယ်။ ဒါမှလည်း လူမျိုးစုအလိုက်လိုလားချက်တွေ၊ ရည်မှန်းချက်တွေကို ပွင့်လင်းမြင်သာစွာ ဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားများရဲ့ တောင်းဆိုချက်၊ လိုလားချက်တွေထဲက ဖြစ်နိုင်တာ၊ ဖြစ်သင့်တာတွေကို အကောင်အထည်ဖော်နိုင်ဖို့ အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ပြင်သင့်တာပြင်ရပါလိမ့်မယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဆိုပြီးရှိတယ်။ တိုင်းရင်းသားတွေကို ကိုယ်စားပြုမှုအများဆုံးဖြစ်တဲ့ အမျိုးသားလွှတ်တော်က အဆိုပြုလိုက်တဲ့ အဆိုပြုချက်တွေ၊ ဥပဒေမူကြမ်းတွေဟာ ပြည်သူ့လွှတ်တော်နဲ့ သဘောထားကွဲလွဲမှုရှိလို့ ပြည်ထောင်စုလွှတ်တော်မှာ မဲခွဲဆုံးဖြတ်ရင် လူများစုဖြစ်တဲ့ ပြည်သူ့လွှတ်တော်ဘက်ကပဲ လွှမ်းမိုးသွားတာများပါတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်မယ်ဆိုရင် ဒီလိုကိစ္စမျိုးမှာ တိုင်းရင်းသားတွေအရေးကို ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။

ဒ့ါကြောင့် ဥပဒေပြုရေးမဏ္ဍိုင်အတွင်းမှာကိုပဲ ထိန်းညှိမျှတမှု (Check and Balance)ရှိစေရေးနဲ့ တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကို အလေးထားသောအားဖြင့် သီးခြားဥပဒေပြုခွင့်တွေကို လွှတ်တော်အလိုက်ပေးထားပြီး လုပ်ဆောင်နိုင်ရင် ပိုမိုကောင်းမွန်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ဘာဥပဒေတွေကို ပြဋ္ဌာန်းနိုင်တယ်။ အမျိုးသားလွှတ်တော်ကတော့ မည်သည့်ဥပဒေတွေကို ပြဋ္ဌာန်းနိုင်တယ်။ ပြည်ထောင်စုလွှတ်တော်ကတော့ ဘာဥပဒေတွေကို ပြဋ္ဌာန်းနိုင်တယ် စသဖြင့် ပြဋ္ဌာန်းပေးရပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရပါလိမ့်မယ်။ ဒါမှသာ တိုင်းရင်းသားအားလုံး ဒီမိုကရေစီရဲ့အနှစ်သာရ၊ ပြည်ထောင်စုစနစ်ရဲ့ ကောင်းမွန်အဓိပ္ပာယ်ပြည့်ဝမှုတွေကို ခံစားနိုင်မှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့–

- ဖြတ်သန်းလာခဲ့ရတဲ့ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှု မရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုးအနှစ်သာရ ပိုမိုပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။
- ဒီ့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCA စာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစား လိုက်နာကြပါ။
- အမျိုးသားနိုင်ငံရေး အတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရား ပြည့်ဝသော နိုင်ငံကြီးသားစိတ်ထားရှိသူတွေ ဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။
- NCA မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေ ပါဝင်လာစေဖို့အတွက် နှိုးဆော်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေကို တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

> ❊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာလည်း ကျွန်တော့်အနေနဲ့ EAO ခေါင်းဆောင်များကို ဆွေးနွေးရှင်းပြပြီးဖြစ်ပါတယ်။ အခု တိုင်းရင်းသားများရဲ့ ဆန္ဒနဲ့လိုလားချက်တွေကို ဒီမိုကရေစီနည်းလမ်းကျ ဆောင်ရွက်ပေးနိုင်ဖို့က နိုင်ငံရေးစင်မြင့်ဖြစ်တဲ့ လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိလာဖို့ လိုအပ်ပါတယ်။ ဒါမှလည်း လူမျိုးစုအလိုက် လိုလားချက်တွေ၊ ရည်မှန်းချက်တွေကို ပွင့်လင်းမြင်သာစွာ ဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်

## ကျိုင်းတုံမြို့ရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းအတွင်း၌ ကွန်ကရစ် လူသွားလမ်း ဖောက်လုပ်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၁၅**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်အလှူရှင်များမှ စုပေါင်းလှူဒါန်းသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းအတွင်း၌ ကွန်ကရစ်လူသွားလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကွန်ကရစ်လူသွားလမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟို ဌာနၥ် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြားသည်။ **(ယာပုံ)**



တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကော်မတီဝင်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည် အထိ ကိုယ်တိုင်ပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီတို့မှ အထူးဧည့်သည်တော်များ၊ NCA လက်မှတ် ရေးထိုး ထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DK BA)၊ ကရင်အမျိုးသားအစည်းအရုံး ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ လားဟူ ဒီမိုကရက်တစ်အစည်း အရုံး(LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဗဟို ကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးပို့သည့် Video Message ကို ဖွင့်လှစ်ပြသသည်။ **(Video Message ကို ရှေ့ဖုံးတွင် သီးခြားဖော်ပြထားပါသည်)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ် ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NCA (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့် နှစ်ပတ်လည်နေ့ ကျင်းပ ဆောင်ရွက်ခဲ့မှုများကို အခမ်းအနားမှူးက အကျဉ်း ချုံး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင်ပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၊ NCA လက်မှတ် ရေးထိုးစဉ်က အသိသက်သေအဖြစ် ပါဝင်ခဲ့ကြသူများ ဖြစ်ကြသည့် UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စု ဝန်ကြီး(အငြိမ်းစား) ဦးအောင်မင်း၊ UPWC ဒုတိယ ဥက္ကဋ္ဌနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးသိန်းဇော်၊ ပြည်ထောင်စုရှေ့နေချုပ်(အငြိမ်း စား) ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား) နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က NCA အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင်ပါဝင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်များ၊ NCA လက်မှတ်ရေးထိုးပွဲ၌ ပါဝင်ခဲ့ကြသူများ ဖြစ်ကြသည့် ခိုင်စိုးနိုင်အောင်(ALP)၊ ဖြားတန်ခွန်ဥက္ကာ (PNLO) နှင့် ပဒိုရွှေမောင်း(KNU)၊ NCA လက်မှတ်ရေးထိုးထား သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များဖြစ်ကြသည့် ALP ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ DKBA မှ စောကျော်သန်းဌေး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ LDU ဥက္ကဋ္ဌ ကျာဆော် လမွန်၊ NMSP ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ PNLO ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်နှင့် RCSS ဗဟိုအလုပ်အမှု ဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့က NCA အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်း နောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ယခင် MPC အကြီးတန်းအကြံပေး ဦးလှမောင်ရွှေ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးပြည့်စုံ၊ ဦးမောင်မောင်ငြိမ်းနှင့် စိုင်းမျိုးသန့်တို့က NCA အထိမ်းအမှတ်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အစမှ NCA စာချုပ်ဖြစ်ပေါ်လာသည်အထိ ကိုယ်တိုင် ပါဝင် ကြိုးပမ်းဆောင်ရွက်မှုအတွက် ဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်များအား NCA (၇) နှစ်မြောက် နှစ်ပတ် လည်နေ့ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့် ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက် သည်။ ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသူများ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တိုင်းရင်းသားရိုးရာ / ကျေးလက်ရိုးရာအကပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၅**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပသည့် တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်အဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲတွင် အလွတ်တန်းအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အကအဖွဲ့များက အဖွဲ့လိုက်တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာဝတ်စုံများ ဝတ်ဆင်၍ မိမိတို့၏ယဉ်ကျေးမှုထုံးတမ်းဓလေ့များ၊ အကအလှုများ၊ ရိုးသားဖြူစင်ကြသည့် တိုင်းရင်းသားလူနေမှုဓလေ့စရိုက်များနှင့် အညာဓလေ့စရိုက်များ ပေါ်လွင်စေရန် အချိုးအဆစ်ညီညာပြေပြစ်စွာဖြင့် သရုပ်ဖော်ကပြ ယှဉ်ပြိုင်ကြသည်။

ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)ရှိ Signing Room ၌ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲများ၊ News Briefing Room ၌ ဒုံမင်းအတီးပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမကို စိတ်ဝင်စားကြသည့် ဝါသနာရှင်များကလည်း တစ်ခဲနက်လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ – ရုရှား နှစ်နိုင်ငံလျှပ်စစ်စွမ်းအင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၅**
ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပလျက်ရှိသည့် ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက်ရန် ရုရှားနိုင်ငံ၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးတို့သည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရုရှားနိုင်ငံ Novatek ကုမ္ပဏီမှ Chairman of the Management Board, Mr. Leonid Mikhelson ဦးဆောင်သောအဖွဲ့အား မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးကိစ္စများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။



မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr. Nikolay G.Shulginov ဦးဆောင်သောအဖွဲ့နှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရာ နှစ်နိုင်ငံအကြီးအကဲများ၏ ခရီးစဉ်များမှ ဆွေးနွေးခဲ့သောကိစ္စများကို နောက်ဆက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်ကိစ္စ၊ မြန်မာနိုင်ငံသို့ စက်သုံးဆီတင်သွင်းရေးကိစ္စများ၊ ရေနံချက်စက်ရုံ တည်ဆောက်ရေးကိစ္စနှင့် စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ RusHydro ကုမ္ပဏီမှ Deputy Director General, Mr. Machekhin ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာတွင် RusHydro ကုမ္ပဏီက Deputy Director General, Mr. Machekhin က ရုရှားနိုင်ငံနှင့် အခြားနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိစ္စ၊ ရေအားလျှပ်စစ်နှင့် ပတ်သက်သော အင်ဂျင်နီယာလုပ်ငန်းများ၊ Geological နှင့် ပတ်သက်သော လုပ်ငန်းများ အားလုံးကိုလည်း လုပ်ဆောင်ပေးနိုင်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်များ ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များစွာရှိပါကြောင်း၊ ရေအားလျှပ်စစ်နှင့်ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ညှိနှိုင်း ဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ LLC SIGMA ကုမ္ပဏီမှ Deputy Director General For Foreign Economic Relation, Mr. Rodionov Nikita ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံတွင် စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Prometey ကုမ္ပဏီမှ President, Mr. Alexander ILIN ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ စွမ်းအင်ဆိုင်ရာကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများကို ဖိတ်ခေါ်ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ရှိ Joint Stock Company Foreign Economic Corporation "PRODINTORG" ၏ အမှုဆောင်အရာရှိချုပ် Mr. Mikhail Potapov နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာ တင်သွင်းရေးလုပ်ငန်းစဉ်များပါ အချက်အလက်များကို ညှိနှိုင်းဆွေးနွေးသည်။

ပြည်ထောင်စု ဝန်ကြီး ဦးသောင်းဟန်သည် ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ ယင်းနေ့ ညနေပိုင်းတွင် ရုရှားနိုင်ငံ၏ အဓိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော Inter RAO – Export ၏ General Director, Mr. Alexey Yakovlev အဖွဲ့အား တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်အနေဖြင့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်အကောင်အထည်ဖော်ရေးအစီအစဉ်အတွက် PTG Energy ကုမ္ပဏီနှင့် လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရေးအတွက် Notice to Proceed(NTP)အား လက်မှတ်ရေးထိုးခဲ့ကြကာ စီမံကိန်း အမြန်အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဆိပ်ဖြူမြို့နယ်၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်း (၂/ ၂၀၂၂) ဖွင့်လှစ်

**ဆိပ်ဖြူ အောက်တိုဘာ ၁၅**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား အခြေခံရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ် (၂/ ၂၀၂၂) ကို အောက်တိုဘာ ၁၄ ရက်က ဆိပ်ဖြူမြို့နယ်အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ဖွင့်လှစ်သည်။

ကျောင်းသား ကျောင်းသူများအား ကြက်ခြေနီတပ်ဖွဲ့၏အခြေခံမူများ၊ ကြက်ခြေနီစိတ်ဓာတ်ကောင်းများ ရှင်သန်မွေးမြူဆောင်ရွက်နိုင်ရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာများ ကြိုတင်ကာကွယ်ရေးကိစ္စရပ်များကို ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရန်၊ မတော်တဆဖြစ်ပွားတတ်သောအန္တရာယ်များနှင့် ဘေးအန္တရာယ်များကြုံတွေ့လာပါက မျိုးဆက်သစ်လူငယ်မောင်မယ်များက ကြက်ခြေနီစိတ်ဓာတ် ရှေးဦးပြုစုခြင်းလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းကို အောက်တိုဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမောင်မောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များက အခြေခံရှေးဦးပြုစုခြင်းဘာသာရပ်နှင့် ကြက်ခြေနီအကြောင်းသိကောင်းစရာများကို သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းသို့ အခြေခံပညာကျောင်းအသီးသီးမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ကြောင်း သိရသည်။ **ကိုဇွဲ(အညာမြေ)**

# နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအကုံရ ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိဈာပန သာခုကီဠနပူဇော်ပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၁၅**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီ ၄၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက် ရပ်ကွက် မဏိရတနာမြတောင်ကျောင်းတိုက်၏ အဓိပတိမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအကုံရ သက်တော်(၉၀)နှစ်၊ သိက္ခာတော်(၇၀)ဝါရှိ မဟာထေရ်မြတ်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိဈာပန သာခုကီဠန ပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ ဆွေတော်မျိုးတော်များ၊ ဒါယကာ၊ ဒါယိကာမများ စုံညီစွာ တက်ရောက်ဖူးမြော်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ ညှော့ပရိသတ်များက "အနိစ္စာဝတ သင်္ခါရာ" စသော သုံးဂါထာရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို မြတောင်တိုက်အကျိုးတော်ဆောင် ပဒေသာရွှေကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရာဇိန္ဒာဘိဝံသက လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ပေးပို့ဆက်ကပ်သည့် သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် မစိုးရိမ်တိုက်သစ်၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသကလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဆက်ကပ်ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးက လည်းကောင်း၊ ဆရာတော်ကြီး၏ ဂုဏကိတ္တန သံဝေဂဂါထာများကို မြတောင်တိုက်ရွှေဝါဝင်းကျောင်း ဦးဉာဏောဒယက လည်းကောင်း အသီးသီး ရွတ်ဖတ်ပူဇော်ကြပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဆရာတော်အရှင်သူမြတ်များကို သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ **(အပေါ်ပုံ)** နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဂ္ဂမဟာပဏ္ဍိတ၊ မြတောင်ကျောင်းတိုက် ဩဝါဒါစရိယ သာယာဝင်း ဆရာတော်ထံမှ သံဝေဂကထာနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မြတောင်တိုက် စံကင်းမြိုင်ကျောင်းဆရာတော် ဘဒ္ဒန္တဇနကမှ အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် လျှောက်ထားသည့် ဂါထာဖြင့်လည်းကောင်း၊ မြတောင်တိုက် ရန်ကုန်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒမေဓာက ပစ္ဆိမဝန္ဒနာဂါထာဖြင့် လည်းကောင်း ရွတ်ဖတ်ပူဇော်ကန်တော့ပြီးနောက် ရွှေတောင်မြို့ မန္တလေးကျောင်းဆရာတော် ဦးသောဘိတမှ အပြစ်ရှိက ခွင့်လွှတ်တော်မူပါရန် ဝန်ချတောင်းပန်ကန်တော့လွှာကို တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား ရှေ့မှ တိုင်ကြားပေးခြင်းကိုလည်းကောင်း အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီးနောက် မဟာအောင်မြေမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဓမ္မ မြတောင်တိုက် ခေမာဝင်းကျောင်းဆရာတော်က ဆရာတော်ကြီးအား ကရဝိတ်ဖောင်တော်မြတ်ယာဉ်ပေါ်သို့ လိုက်ပါကြွတော်မူပါရန် အဘိယာစန နိမန္တနဂါထာကို ရွတ်ဖတ်ပူဇော်ကာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပည့်သံဃာတော်များ၊ ဆွေတော်မျိုးတော်များက ပင့်ဆောင်ပူဇော်ကြပြီး မဏိရတနာမြတောင်ကျောင်းတိုက်မှ အန္တိမအဂ္ဂိဈာပနသာခုကီဠန ပူဇော်ကျင်းပသည့် အေးရိပ်ငြိမ်းသုသာန် တေဇောဓာတ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်၍ တေဇောဓာတ်မီးပူဇော်ကာ ဆရာတော် သံဃာတော်များနှင့် ညှော့ပရိသတ်တို့က အနိစ္စာဝတသင်္ခါရာ အစရှိသော သုံးဂါထာကို ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ကြွင်းကျန်ရစ်သော အရိုးပြာများကို အောက်တိုဘာ ၁၆ ရက်တွင် ဧရာဝတီမြစ်အတွင်း ရေမျောပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲပြုလုပ်



**နေပြည်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ လောကာနန္ဒာ စေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒာသိရီ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယက အနုမောဒနာ ဂါထာဖတ်ကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်နယ်ဩဝါဒါစရိယ စစ်တွေမြို့ ဓမ္မသုခ ဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမ ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ သံဃာတော်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာများ ထောက်ပံ့ကူညီလှူဒါန်းလျက်ရှိသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းလျက်ရှိရာတွင် ယနေ့နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှသိန်း၊ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်နှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့ ကန်ဦးကျောင်းတိုက်ရှိ သံဃာတော်များ၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အခြားစားသောက်ဖွယ်ရာများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ သီရိမင်္ဂလာကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်သဇင်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဥဿာသီရိပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောကပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိ ဗုဒ္ဓဂါယာကျောင်းတိုက်၊ သာကေတမြို့နယ်ရှိအောင်မော်စံပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ ကန်ဦးကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ငှက်သိုက်တောရကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပြည်တော်သာ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အောင်မြေရွှေဘုံကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာသန္တာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ငါးကျမ်းပြန် ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တောင်ကျောင်းကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာနဆောက်လုပ်မှု ကြည့်ရှုစစ်ဆေးပြီး ကျောင်းကုန်းမြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်းမှုနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပုသိမ် စက်မှုမြို့တော်စီမံကိန်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း MSME များ ကြည့်ရှုအားပေး

**ပုသိမ် အောက်တိုဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းကုန်းမြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်းမှုနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပုသိမ်စက်မှုမြို့တော်စီမံကိန်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း(MSME) များအား သွားရောက်ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ရန်ကုန်-ပုသိမ် ကားလမ်းမကြီး မိုင်တိုင်အမှတ် မိုင် (၅၀) (၃)ဖာလုံနှင့် မိုင် (၅၀) (၄) ဖာလုံအကြားတွင် အောက်တိုဘာလဆန်းမှ စတင်ဆောက်လုပ်လျက်ရှိသော ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မြို့မကုမ္ပဏီလီမိတက်မှ စီမံကိန်းတာဝန်ခံ ဦးသန်းဇော်ညွန့်က တည်ဆောက်ရေးလုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခရိုင်နှင့် မြို့နယ် ပြန်/ဆက်ရုံးများကို နိုင်ငံတော်ဘဏ္ဍာငွေ ခွင့်ပြုမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် လူထုအခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိရာ ယခုအခါ ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာနကို အရွယ်အစား ပေ (၁၀၀ x ၆၀) RC နှစ်ထပ်အဆောက်အဦအဖြစ် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ်သန်း (၅၈၂ ဒသမ ၆) သန်း အသုံးပြု၍ ၂၀၂၃ ခုနှစ် မတ်လအပြီး ဆောက်လုပ်နေခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းအုပ်စုရှိ ၂၀၂၂-၂၀၂၃ ခုနှစ် မျိုးစေ့ထုတ်တောင်သူများ၏ ဆင်းသုခစပါးစီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် ဧက ၅၀ စံပြစိုက်ခင်း၏စံကွက်ရိတ်သိမ်းပွဲသို့ ရောက်ရှိကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်က မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအလိုက် စပါးမျိုးစေ့ထုတ်လုပ်နိုင်မှုနှင့် သစ်စိမ်းမြေဩဇာထည့်သွင်းနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်လာကြသည့် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး မိရိုးဖလာ စမ်းသပ်စိုက်ပျိုးမှုမှ ပြောင်းလဲလာသော ခေတ်နှင့်အညီ စနစ်တကျ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အထွက်နှုန်းကောင်းသည့် မျိုးသန့်စပါးများအသုံးပြုပြီး သဘာဝဓာတ်မြေဩဇာ သွင်းအားစုများ စနစ်တကျအသုံးပြုရေးတို့ကို ရှင်းလင်းပြောကြားပြီး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စုပေါင်း ၆၅ စုမှ တောင်သူ ၂၆၀၃၉ ဦးတို့က မိုးစပါး ၁၁၈၀၁၆ ဧက စိုက်ပျိုးထားရှိမှုအနက် ကျေးရွာအုပ်စုပေါင်း ၂၄ ခုမှ တောင်သူ ၉၅ ဦးတို့က ဆင်းသုခမျိုးသန့်စပါး (၉၅၇ ဒသမ ၅)ဧက စိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့်အတူ ကျေးရွာအုပ်စု ၁၁ စုမှ တောင်သူ ၁၇၆ ဦးတို့က သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ဧက ၁၀၀၀ ထည့်သွင်းစိုက်ပျိုးလျက်ရှိကြောင်းနှင့် ယင်းစံကွက် ရိတ်သိမ်းမှုမှာ တစ်ဧကလျှင် စပါး(အခြောက်) ပျမ်းမျှ အထွက်နှုန်း ၁၁၅ တင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပုသိမ်စက်မှုမြို့တော်စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းဒုတိယဥက္ကဋ္ဌ ဦးစိုးသူရက စီမံကိန်းလျာထားမှုနှင့် တိုးတက်ပြီးစီးမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကူညီပံ့ပိုးပေးစေလိုသည့် အချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း(MSME )များသည် မိမိဒေသတစ်ခုအတွက်သာ ကွက်၍ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ကုန်ထုတ်လုပ်မှုကို အခြေခံ၍ နိုင်ငံ့စီးပွားရေးအထိ အမြင်ကျယ်ကျယ်ဖြင့် ရည်မှန်းဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းညွှန်ထားပါကြောင်း၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို နေရောင်ခြည်သုံးနှင့် လေအားတို့ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းကဲ့သို့ နည်းလမ်းများဖြင့် စက်ရုံတစ်ခုချင်းအလိုက်ဖြစ်စေ၊ စက်မှုဇုန်အလိုက်ဖြစ်စေ စနစ်တကျ တပ်ဆင်ထုတ်လုပ်ခြင်းအားဖြင့် မိမိတို့လိုအပ်ချက်ကို ဖြည့်တင်းနိုင်မည့်အပြင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းသို့လည်း ပို့လွှတ်၍ ရောင်းချနိုင်သည့် နည်းလမ်းရှိပါကြောင်း၊ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းတင်ပြမှုတို့ဖြင့် ဖြေရှင်းကျော်လွှားပြီး အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ဧရာဝတီတိုင်းဒေသကြီးသည် နိုင်ငံ့အတွက် ဆန်၊ စပါး အဓိကထုတ်လုပ်ပေးနေခြင်းဖြစ်ရာ ဆန်၊ စပါး စိုက်ပျိုးထုတ်လုပ်ရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ပုသိမ်စက်မှုမြို့တော်စီမံကိန်းနေရာမှ ပြည်ပသို့ တိုက်ရိုက်ဆန်တင်ပို့နိုင်မည်ဖြစ်သဖြင့် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်၍ များများတင်ပို့နိုင်ရေး ဝိုင်းဝန်းနည်းလမ်းရှာဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Vent Dest Pathein Co.,ltd အထည်ချုပ်စက်ရုံသို့ သွားရောက်ကြရာ တာဝန်ရှိသူများက အထည်ချုပ်လုပ်ငန်း ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို လိုက်လံရှင်းလင်းပြသကြသည်။ အဆိုပါ စက်ရုံတွင် ပတ်ဝန်းကျင်ဒေသမှ လုပ်သားအင်အား ၈၀၀ ခန့်ဖြင့် ဥရောပနိုင်ငံများမှ ကုန်ကြမ်းများတင်သွင်း၍ စံချိန်စံညွှန်းမီသောအထည်များကို စနစ်တကျ ထုတ်ပိုးပြီး ဥရောပနိုင်ငံများသို့ ပြန်လည်တင်ပို့လျက်ရှိကြောင်း၊ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုနှင့် တင်ပို့မှုများမှာ ပိတ်ဆို့မှုများကြောင့် ရပ်တန့်လျက်ရှိကြောင်း၊ သတင်းတု၊ သတင်းမှားများ ဖြန့်ဝေပျံ့နှံ့လျက်ရှိသော်လည်း ယင်းစက်ရုံမှာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု လျော့ပါးသွားချိန်မှစ၍ လုပ်ငန်းများ အရှိန်အဟုန်မပျက် လည်ပတ်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ရောဟသ်ာဆန်စက်သို့ သွားရောက်ကြရာ တာဝန်ရှိသူများက လုပ်သားအင်အား ၅၀ ခန့်ဖြင့် 500 KVA Transformer အသုံးပြုကာ ပေါင်းဆန်များ ကြိတ်ခွဲထုတ်လုပ်လျက်ရှိကြောင်း ၂၀၂၁-၂၀၂၂ ခုနှစ် ရာသီတွင် ဥရောပနှင့် အာဖရိကနိုင်ငံများ၊ တရုတ်နိုင်ငံနှင့် ပြည်တွင်းဈေးကွက်သို့ ဆန်တန်ချိန် ၇၅၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုရာသီတွင်လည်း ဥရောပနှင့် အာဖရိကနိုင်ငံများ၊ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများသို့ ဆန်တန်ချိန် တစ်သိန်းခွဲမှ နှစ်သိန်းအထိလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် နှစ်သောင်းနှင့် ပြည်တွင်းဈေးကွက်သို့ တန်ချိန် နှစ်သောင်းငါးထောင် ဖြန့်ဖြူးရောင်းချသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြပြီး လုပ်ငန်းစဉ်အဆင့်အဆင့်ကို လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်ဆန်တင်ပို့မည့် ယာယီဆိပ်ကမ်းပြင်ဆင်ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် တောရကျောင်းလမ်းရှိ ရွှေစာပုသိမ်ထီးလုပ်ငန်းသို့ သွားရောက်ကြပြီး ပုသိမ်ထီးအရွယ်အစားအမျိုးမျိုး ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုအားပေးသည်။ အဆိုပါ ပုသိမ်ထီးလုပ်ငန်းကို ၁၉၄၂ ခုနှစ်မှစ၍ မိသားစုလုပ်ငန်းအဖြစ် မျိုးရိုးစဉ်ဆက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းပြည်ပမှ ကြိုက်နှစ်သက်သဖြင့် စဉ်ဆက်မပြတ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပုသိမ်မြို့ ကမ်းနားလမ်း ရန်ကင်းတောင်ရပ်ကွက်ရှိ နေမင်းပုဂ္ဂလိက ဆားကြိတ်စက်သို့ ရောက်ရှိပြီး အိုင်အိုဒင်းဆား ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။ ၎င်းတွင် ဒေသထွက်ဆားကြမ်းများ လုံလောက်စွာ ရရှိနေသော်လည်း အဆင့်မီဆားချောများ ထုတ်လုပ်နိုင်ရန် နည်းပညာလိုအပ်ချက်များရှိနေသဖြင့် ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

*စာမျက်နှာ ၉ သို့*



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ရောဟသ်ာဆန်စက်၌ ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာနဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။



ပုသိမ်မြို့ ရွှေမြင်းပျံ ဟာလဝါ မုန့်စက်ရုံ၌ ဟာလဝါမုန့် ထုတ်လုပ်မှုကို တွေ့ရစဉ်။

# (၁၂) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး၊ (၆) ကြိမ်မြောက် အာဆီယံအပေါင်း ၃ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် (၆) ကြိမ်မြောက် အရှေ့အာရှ ပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာပညာရေးကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် အောက်တိုဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော (၁၂) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေး (12th ASEAN Education Ministers Meeting–12th ASED) နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၆) ကြိမ်မြောက် အာဆီယံအပေါင်း ၃ ပညာရေးဝန်ကြီးများအစည်းအဝေး (6th ASEAN Plus Three Education Ministers Meeting – 6th APT EMM)၊ (၆) ကြိမ်မြောက် အရှေ့အာရှ ပညာရေးဝန် ကြီးများ ထိပ်သီးအစည်းအဝေး (6th East Asia Education Ministers Meeting – 6th EAS EMM) များကို တက်ရောက်ခဲ့သည်။

(၁၂) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ Meliá Hanoi ဟိုတယ်၊ Grand Ballroom ခန်းမ၌ ကျင်းပရာ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Vũ Đức Đam၊ ဗီယက်နမ်ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာန H.E. Nguyen Kim Son နှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်က ဖွင့်ပွဲမိန့်ခွန်းပြောကြားကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာသော အာဆီယံပညာရေးဝန်ကြီးများသည် ဖွင့်ပွဲအမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးကို ကျင်းပရာ သဘာပတိအဖြစ် ဗီယက်နမ်နိုင်ငံ ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Kim Son က ဆောင်ရွက်ပြီး အဖွင့်မိန့်ခွန်းပြောကြားသည်။ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် အာဆီယံပညာရေးဝန်ကြီးများက အာဆီယံဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများတွင် ကြံ့ကြံ့ခိုင်သည့် ပညာရေးစနစ် တစ်ဖန်ဆန်းသစ်နိုင်ရေးအတွက် ပူးပေါင်းအားထုတ်မှု မျက်နှာစာသစ်ဖွင့်လှစ်ခြင်း (Joint efforts to reimagine learning and building resilience of education systems in ASEAN and beyond in the new context) ဦးတည်ချက်ဖြင့် အလှည့်ကျ မိန့်ခွန်းပြောကြားကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်၍ အကြိမ် (၄၀) မြောက်နှင့် (၄၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများသို့ တင်သွင်းမည့် အာဆီယံဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု ပညာရေးစနစ်များ ကြေညာစာတမ်းကို အတည်ပြုကာ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး၊ ပြန်လည်ကုစားရေးနှင့် ကြံ့ကြံ့ခိုင်ရပ်တည်ရေး ကြေညာချက်ကို မှတ်တမ်းတင်ခဲ့ကြပြီး အာဆီယံ–ရုရှားဖက်ဒရေးရှင်း ပညာရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် (၂၀၂၂–၂၀၂၆)၊ အာဆီယံ–ဟန်ဂေရီ ပညာရေးပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် အာဆီယံအဆင့်မြင့်ပညာရေး အကောင်အထည်ဖော်ရေး လမ်းပြမြေပုံတို့ကို တင်ပြခဲ့သည်။

ထို့နောက် (၁၂) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး ပူးတွဲကြေညာချက်ကို ဆွေးနွေးအတည်ပြုခဲ့ကြကာ ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် သဘောတူညီခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် တည်ခင်းဧည့်ခံသော Gala Dinner သို့ တက်ရောက်ခဲ့ကြသည်။

ဆက်စပ်အစည်းအဝေးတစ်ခုဖြစ်သော (၆) ကြိမ်မြောက် အာဆီယံနှင့် အပေါင်း ၃ ပညာရေးဝန်ကြီးများအစည်းအဝေးကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အစည်းအဝေးတွင် ပူးတွဲသဘာပတိများဖြစ်ကြသည့် ဗီယက်နမ်ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရေးဝန်ကြီးတို့က အဖွင့်မိန့်ခွန်းပြောကြားကြပြီး အာဆီယံအပေါင်း ၃ ပညာရေးဝန်ကြီးများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အပေါင်း ၃ နိုင်ငံများဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ပညာရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကာ အာဆီယံ အပေါင်း ၃ နိုင်ငံများမှ ပညာရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၆)ကြိမ်မြောက် အရှေ့အာရှ ပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေး ကျင်းပရာ ဗီယက်နမ်နိုင်ငံ ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးက အစည်းအဝေးကို ဖွင့်လှစ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်က (၅) ကြိမ်မြောက် အရှေ့အာရှပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေး ၏ နောက်ဆက်တွဲ အာဆီယံအစည်းအဝေးများ ကျင်းပခဲ့မှုကို အစည်းအဝေးသို့ တင်ပြဆွေးနွေးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုယ်စား ဗီယက်နမ်ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးက မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ အရှေ့အာရှ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယား၊ ရုရှားနှင့် အမေရိကန်နိုင်ငံများမှ ပညာရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းပြောကြားကာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် (၆) ကြိမ်မြောက် အရှေ့အာရှ ပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ဆွေးနွေးအတည်ပြုကြကာ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာနနှင့် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ (SEAMEO) တို့အကြားချုပ်ဆိုသည့် အရှေ့တောင်အာရှ အခြေခံပညာ သင်ယူတတ်မြောက်မှု တိုင်းတာရေး (SEA–PLM) အတွက် Letter of Engagement ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်ကာ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇေယျာထွန်းတို့ ပါဝင်သော မြန်မာပညာရေးကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ ကြိုတင်တက်ရောက်ခဲ့ကြသော အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ထို့နောက် ပုသိမ်မြို့ ရွှေမြင်းပျံဟာလဝါမုန့် စက်ရုံသို့ သွားရောက်ကြပြီး လုပ်ငန်းဆောင်ရွက်မှု အဆင့်အဆင့်ကို ကြည့်ရှုအားပေးသည်။ ပုသိမ် ဟာလဝါမုန့်လုပ်ငန်းကို လုပ်သား ၃၀ ခန့်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ပုသိမ်မြို့ရှိ အဓိကနေရာ ကိုးခုခန့်မှ ထုတ်လုပ်ကာ နိုင်ငံတစ်ဝန်းသို့ ဖြန့်ချိရောင်းချလျက်ရှိကြောင်းနှင့် သီတင်းကျွတ်ကာလ ရောက်ရှိလာပြီဖြစ်၍ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပုသိမ်မြို့ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ယူရီးယားဓာတ်မြေဩဇာထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသကြသည်။ အဆိုပါ တန် ၅၀၀ ထုတ်လုပ်နိုင်စွမ်းရှိသော စက်ရုံမှ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ရရှိမှုအလိုက် နေ့ဆိုင်းညဆိုင်းတာဝန်ခွဲ၍ စဉ်ဆက်မပြတ် ထုတ်လုပ်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးတက်စေရန်အတွက် ယူရီးယားဓာတ်မြေဩဇာအိတ်များကို အနယ်နယ်အရပ်ရပ်သို့ ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။

ယမန်နေ့ညပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် “တူယှဉ်နွဲပျော် ဂီတပွဲတော်” Season–2 အုပ်စု (ဃ) ပွဲစဉ်(၇)၏ ပြဋ္ဌာန်းတေးသီချင်းဆိုပြိုင်ပွဲသို့ တက်ရောက်၍ အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခြင်း၊ ပြိုင်ပွဲကျင်းပမှုကို ကြည့်ရှုအားပေးခြင်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**သတင်းစဉ်**

## အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ဒုတိယမြို့တော်ဝန် ကြည့်ရှုအားပေး

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက်ရှိ အမှတ် ၉ အခြေခံပညာမူလတန်းကျောင်း၊ တောင်ဥက္ကလာပမြို့နယ် (၁၃) ရပ်ကွက် မင်္ဂလာလမ်းရှိ အမှတ် ၁၆ အခြေခံပညာမူလတန်းကျောင်းနှင့် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မာလာနွယ်လမ်းနှင့် အိုးစု ၃ လမ်းထောင့်ရှိ အမှတ်(၁၁) အခြေခံပညာ အလယ်တန်း ကျောင်းတို့တွင် မြက်ပင်ချုံနွယ်များ၊ အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စာသင်ခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ကျောင်းများပတ်ဝန်းကျင်ရှိ ရေမြောင်းများအတွင်း အမှိုက်များ၊ မြောင်းချေးများ ဆယ်ယူရှင်းလင်းခြင်း၊ ကျောင်းအဆောက်အအုံနံရံများ ရေညှိတက်နေမှုတို့ကို တိုက်ချွတ်ဆေးကြောခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအရှေ့ရပ်ကွက် သိမ်ဖြူလမ်း (၅)ခွဆုံသို့ သွားရောက်၍ ဒေါ်သိန်းတင်လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းအကြား၊ သိမ်ဖြူလမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရန် ရေမြောင်းအတွင်းရှိ အမှိုက်၊ မြောင်းချေးများနှင့် သဲမြေများ ဆယ်ယူရှင်းလင်းခြင်း၊ ဖြတ်မြောင်း နှာပေါက်များအတွင်းရှိ အမှိုက်များ၊ သဲ၊ ခဲများ ရှင်းလင်းခြင်း၊ လမ်းတစ်လျှောက် အုပ်မိုးကိုင်းများ ခုတ်ထွင်ဖြတ်ညှိပုံသွင်းခြင်း ဆောင်ရွက်နေမှုနှင့် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာစိုက်ပျိုးမွေးမြူရေး၊ သမဝါယမလုပ်ငန်းများနှင့် မြစိမ်းရောင်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Multivitamin (EV,Solar Power Energy )

## စက်မှုစီးပွားထူးချွန်ဆုရ အင်ဂျင်နီယာ (ထွန်း)

*(ယမန်နေ့မှ အဆက်)*

မိမိတို့ အစပြုသုံးစွဲကြမည့် EV အရေအတွက်သည် အခြား EV များကို များစွာသုံးစွဲနေကြသည့် နိုင်ငံကြီးများကဲ့သို့ EV များစွာ စွမ်းအင်ဖြည့်တင်းပေးနိုင်သော Power Refilling Stations များ နေရာအနှံ့တွင် များပြားစွာတည်ဆောက်ပေးရန် မလိုအပ်ပါ။

**လိုအပ်သည့် နေရာများ၌သာ စနစ်တကျ တည်ဆောက်သင့်**

EV ယာဉ်အများစု ရပ်နားမည့် လိုအပ်သောနေရာများ၌သာ တည်ဆောက်ပေးခြင်းဖြင့် နောက်ဆုံးသုတေသနပြု အောင်မြင်လာသည့် (LiFe PO4 Batteries)၊ (Sodium ion Batteries)၊ (Solid State Batteries)၊ (Nano Diamond Batteries)၊ (Graphene Batteries)၊ (Borophene Batteries) များကဲ့သို့ Long Life Higher Energy Storage Batteries များနှင့် Self Charging (Quantum) Batteries များ၊ Fully Solar Energy စနစ် EV ယာဉ်များကို အသုံးများလာမည့် ခေတ်ကာလသို့ ရောက်သည့်အခါ များပြားစွာ တည်ဆောက်ထားခဲ့မိသည့် Power Refilling Station များအတွက် ရင်းနှီးထားခဲ့ရသည်များ ဆုံးရှုံးမှု မဖြစ်ရလေအောင် လိုအပ်သည့် နေရာများ၌သာ စနစ်တကျ စဉ်းစားသုံးသပ် စီမံဆောင်ရွက်ပေးသင့်ပါသည်။

ကျေးရွာများတွင် လယ်ယာမြေထွန်ယက်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရေး၊ ဆည်မြောင်းငယ်များ တည်ဆောက်ရေး၊ ပြည်သူများအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် အထွေထွေသုံး ဈေးနှုန်းချိုသော EV ယာဉ်များ၏ ဘက်ထရီများကို အားဖြည့်သွင်းပေးနိုင်ရန်အတွက် Solar Energy Power Refilling Station ငယ်များ၊ EV ယာဉ်အုပ်စုအလိုက် စွမ်းအားဖြည့်သွင်းနိုင်မည့် နေရာများကို ကျေးရွာလူကြီးများ၊ သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ပေးနေကြသည့် ဌာနဆိုင်ရာ ဦးဆောင်နေကြသူများ တိုင်ပင်ဆွေးနွေးကြပြီး သင့်လျော်သည့်နေရာများတွင် နိုင်ငံတော်အဖွဲ့အစည်းများ၏အစီအစဉ်ဖြင့် စနစ်တကျ သတ်မှတ်တည်ဆောက်ပေးခြင်းဖြင့် အသုံးပြုသည့် ရွာသူရွာသားများ စရိတ်သက်သာ အဆင်ပြေနိုင်မည်ဖြစ်ပါသည်။

**အမျိုးအစားများရွေးချယ်၍ ကန့်သတ်တင်သွင်းခွင့်ပေးသင့်**

EV ယာဉ်များကို မြို့နယ်များနှင့် မြို့ကြီးများ၌ အစပြု သုံးစွဲလာရာတွင် ရေရှည် ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းမှု အခက်အခဲ မဖြစ်စေရန်အတွက် ဝယ်ယူသုံးစွဲသွားနိုင်မည့် EV ယာဉ် အမျိုးအစားများ၏ system ကို စဉ်းစားရွေးချယ် သတ်မှတ်ပေးထားပြီး ထို System EV ယာဉ် Good Second Hand များကိုသာ အစပိုင်းတွင် ကန့်သတ်တင်သွင်းခွင့်ပေး၍ မိမိပြည်သူအများ လျင်မြန်စွာ ဝယ်ယူသုံးစွဲခွင့်ရနိုင်စေခြင်းဖြင့် မိမိနိုင်ငံတွင် EV ယာဉ်များဖြင့် ICE ယာဉ်များနေရာကို အစားထိုးပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ICE ယာဉ်များတွင်အသုံးပြုရန် လိုအပ်သော လောင်စာဆီများကို နိုင်ငံတော်၏ FE ဖြင့် ဝယ်ယူဖြည့်တင်းပေးရမှုကို သိသာစွာ လျှော့ချသွားနိုင်မည်ဖြစ်ပါသည်။

**ပြုပြင်ထိန်းသိမ်းရေး**

EV ယာဉ်များ ပြည်တွင်း၌ ပေါ်ပေါက်အသုံးပြုလာသည်နှင့် တစ်ပြိုင်နက် ပြုပြင်ထိန်းသိမ်းရေးအတွက် ကျွမ်းကျင်နည်းပညာရှင်များကို လုံလောက်စွာ ပေါ်ထွက်လာစေအောင် တစ်ချိန်တည်း သင်ကြားပြုစုလေ့ကျင့်ပေးထားရန် လိုအပ်မည်ဖြစ်သကဲ့သို့ EV ယာဉ်များ ပြုပြင်ရန်အတွက် လိုအပ်သော Spare parts & Components များကို အခက်အခဲမရှိ လွယ်ကူလျင်မြန်စွာ အဆက်မပြတ် ဝယ်ယူရရှိရေးကိုလည်း အလေးထားစီမံထားပေးရန် လိုအပ်ပါမည်။

> **"EV ယာဉ်များ ပြည်တွင်း၌ ပေါ်ပေါက်အသုံးပြုလာသည်နှင့် တစ်ပြိုင်နက် ပြုပြင်ထိန်းသိမ်းရေးအတွက် ကျွမ်းကျင်နည်းပညာရှင်များကို လုံလောက်စွာ ပေါ်ထွက်လာစေအောင် တစ်ချိန်တည်း သင်ကြားပြုစုလေ့ကျင့်ပေးထားရန် လိုအပ်မည်ဖြစ်သကဲ့သို့ EV ယာဉ်များ ပြုပြင်ရန်အတွက် လိုအပ်သော Spare parts & Components များကို အခက်အခဲမရှိ လွယ်ကူလျင်မြန်စွာ အဆက်မပြတ် ဝယ်ယူရရှိရေးကိုလည်း အလေးထားစီမံထားပေးရန် လိုအပ်ပါမည်"**

EV ယာဉ်များနှင့် ပတ်သက်၍ မိမိပြည်သူများ သုံးစွဲရာတွင် လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းရာတွင်လည်းကောင်း အတွေ့အကြုံများစွာ ရရှိလာကြပြီးသည်နှင့် EV ယာဉ်များ ပြုပြင်ထိန်းသိမ်းမှုကိုလည်း ကျွမ်းကျင်လာကြမည့်အလျောက် မိမိတို့ပြည်တွင်း၌ မထုတ်လုပ်နိုင်သေးသော Parts နှင့် Components များကို ဝယ်ယူတင်သွင်းပြီး မိမိပြည်တွင်း၌ CKD, SKD တပ်ဆင်ထုတ်လုပ်ခြင်းဖြင့် ပြည်သူများ ဈေးသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ခွင့် ရစေမည်ဖြစ်သည်။ ထိုမှ တစ်ဆင့်တိုး၍ မိမိတို့နိုင်ငံနှင့် ရင်းနှီးစိတ်ချရသော အိမ်နီးချင်းနိုင်ငံကြီးများဖြစ်ကြသည့် အိန္ဒိယနိုင်ငံနှင့် အကျိုးတူ (SONO Fully Solar EV)ယာဉ်များ မိမိနိုင်ငံအတွင်း ထုတ်လုပ်နိုင်ရေးစီမံခြင်း၊ အရည်အသွေးမြင့် EV ယာဉ်အမျိုးမျိုး ထုတ်လုပ်ကာ ကမ္ဘာ့ဈေးကွက်ကို စိုးမိုးထားနိုင်သည့် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် EV အမျိုးမျိုး မိမိနိုင်ငံတွင်း ထုတ်လုပ်နိုင်ရေးတို့ကိုလည်း နှစ်နိုင်ငံ အကျိုးတူ အစီအမံများဖြင့် ဆောင်ရွက်သင့်ပါသည်။ သီးခြားအဖွဲ့နှစ်ဖွဲ့ ဖွဲ့စည်းကာ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်၍ EV ယာဉ်များ/ Solar EV ယာဉ်များ တင်ပို့ရောင်းချနိုင်လျှင် မိမိနိုင်ငံ၏ စီးပွားရေး အလျင်အမြန် ဦးမော့စေမည်ဟု မြင်ပါသည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြင့် လျှပ်စစ်ဓာတ်အား ပံ့ပိုးဖြည့်တင်းနိုင်ရေး**

ထိုသို့ EV များ၊ Fully Solar EV များ ထုတ်လုပ်ရာတွင် ပူးပေါင်းပါဝင်ခွင့်ပြုနိုင်သော မိမိတို့နိုင်ငံ MSMEs လုပ်ငန်းများ၊ စက်ရုံကြီးငယ် တစ်ခုချင်းစီနှင့် စက်မှုဇုန်များ၏ ထုတ်လုပ်မှု လုပ်ငန်းများအတွက် လိုအပ်မည့် လျှပ်စစ်စွမ်းအားရရှိစေရန် နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်၊ ရေအားစွမ်းအင်၊ **ရေတံခွန်စီးဆင်းသည့်ရေကြောမှ Hydropower လျှပ်စစ်စွမ်းအင် ထုတ်ယူခြင်းအပြင်** မိမိတို့ နည်းပညာရှင်များက ပြန်လည်ပြည့်ဖြိုး စွမ်းအင်များကို ဆက်စပ်ပေါင်းစပ်ကာ ဆောင်ရွက်ရပါမည်။ Wind Power & Solar Power Pumps Group Pumping System များ အသုံးချ၍ အောက်ခြေ မြေအနိမ့်မှရေကို အထက် မြေအမြင့်ရှိ ရေသိုလှောင်ကန်သို့ ရေစုပ်တင်ကာ ထိုအထက်မြေအမြင့် ရေသိုလှောင်ကန်မှ အောက်ခြေ မြေအနိမ့် ရေကန်၊ အင်းအိုင်၊ မြစ်ချောင်းများသို့ ရေပို့လွှတ်ပိုက်လိုင်းဖြင့် ပြန်လည်စီးဆင်းစေပြီး ထိုပိုက်လိုင်းတစ်နေရာတွင် ရေအားလျှပ်စစ်ထုတ်တာဘိုင် တပ်ဆင်၍ Open-loop Pumped Hydropower ဖြင့် လျှပ်စစ်စွမ်းအားရစေအောင် စီမံပေးခြင်းဖြင့် လည်းကောင်း၊ **အောက်ခြေ မြေအနိမ့်ရေကို အထက်မြေအမြင့်ရှိ ရေလှောင်ကန်သို့ ရေစုပ်တင်သိုလှောင်နိုင်သည့် သဘာဝမြေအနေအထားပေးသော နေရာတိုင်းတွင်လည်းကောင်း Wind Power & Solar Power Pumps Group Pumping System အသုံးပြုကာ Open-loop Pumped Hydropower စွမ်းအား ဖော်ဆောင်ပေးနိုင်သည့် အရပ်ဒေသတိုင်းတွင်** လျှပ်စစ်စွမ်းအား ထုတ်ယူပေးကာ ပိုလျှံသော လျှပ်စစ်စွမ်းအားကို မိမိတို့ လက်ရှိ မဟာဓာတ်အားလိုင်းကြီးအတွက် လျှပ်စစ်ဓာတ်အား ပံ့ပိုးဖြည့်တင်းပေးနိုင်အောင် စီမံပေးနိုင်ခြင်းဖြင့် မြန်မာပြည်နေရာအနှံ့တွင် လျှပ်စစ်ဓာတ်အားရရှိစေမည်ဖြစ်ပါသည်။ မြန်မာပြည်နေရာအနှံ့တွင် လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ အသုံးပြုခွင့်ရပါက ကဏ္ဍတိုင်း၏ ကုန်ထုတ်လုပ်မှုများကို စွမ်းအားပြည့် စွမ်းဆောင်နိုင်ခြင်းဖြင့် နိုင်ငံတော်ကြီး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး ဖန်တီးနိုင်မည်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးမွေးမြူရေး၊ ကျေးလက်ဖွံ့ဖြိုးရေး လမ်းများ ဖောက်လုပ်ရေး၊ အသေးစားဆည်မြောင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော စက်ပစ္စည်းကိရိယာများ လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် စွမ်းအားများကို ဆိုလာစွမ်းအင်ဖြင့် တိုက်ရိုက်ချိတ်ဆက်အသုံးပြုနိုင်သလို EV ယာဉ်များအတွက်မူ တစ်ဆင့်ခံ ဘက်ထရီများကို ဆိုလာစွမ်းအင် Charging စနစ် အသုံးပြုကာ လိုအပ်သည့်အခါတိုင်း ဈေးသက်သာစွာ အားဖြည့်သွင်းပေးနိုင်အောင် ဆောင်ရွက်နိုင်ပါသည်။ အစဉ်ပြန်လည်ပြည့်ဖြိုးနေသော သဘာဝစွမ်းအင် နေရောင်ခြည်သည် ကျေးလက်ဒေသနေ တောင်သူ လယ်သမားများအား ထိရောက်စွာ ထောက်ပံ့မှုပေးနိုင်ပါသည်။

**Solar Panel များ ထုတ်လုပ်နိုင်ရေး**

Heavy Solar Panel များအပြင် တိုးတက်လာသော နည်းပညာအသစ်ဖြစ်သည့် ဈေးသက်သာပြီး နေရောင်ခြည်စွမ်းအင်ကို ဖမ်းယူနိုင်စွမ်း ပိုမိုကောင်းမွန်၍ ပေါ့ပါး ပါးလွှာသော (Thin Flexible Multiple Wafer Solar Sheet) များကို မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်အတွက်လည်း နည်းပညာကျွမ်းကျင်သော တိုင်းပြည်များနှင့် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ကာ Solar EV များ၊ Fully Solar EV များကို လျှပ်စစ်မီးမရသေးသည့် နေရာများ၌ အသုံးပြုနိုင်ရန်နှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်ပါ အလျင်အမြန် စတင်အကောင်အထည်ဖော်၍ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ထောင့်စုံမှ စွမ်းအားများ ရရှိအသုံးချနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

Wind Power Generation System နှင့် Hydro Power Generation System တို့ကို မိမိတို့ လက်ရှိသုံးနေသည့်အခြေအနေထက် တိုးတက်သည့် နောက်ဆုံးပေါ် နည်းပညာဖြင့် မိမိပြည်တွင်း၌ ထုတ်နိုင်ရန်လည်း စီမံဖို့လိုအပ်ပါမည်။

Solar Power Systems များတွင် ယနေ့ခေတ်မီ အသုံးပြုလာနိုင်နေကြသော Thin Flexible Multiple Wafer Solar Sheet များကို နည်းပညာကျွမ်းကျင်စွာအသုံးပြု ထုတ်လုပ်နိုင်မည့် ခင်မင်ရင်းနှီးသော အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းပြီး မိမိတိုင်းပြည်အတွင်းထုတ်လုပ်၍ ပြည်တွင်း ပြည်ပ ရောင်းချဖြန့်ဖြူးပေးနိုင်အောင်လည်း ဖော်ဆောင်ပေးသင့်သောကာလ ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



ပြည်သူများအား သယ်ယူပို့ဆောင်ရေးတွင် အသုံးပြုနိုင်သော EV Bus နှင့် ဆိုလာစနစ်သုံး EV Bus နမူနာပုံများ။






လူလေးယောက်စီး ကိုယ်ပိုင်ယာဉ် သို့မဟုတ် တက္ကစီအဖြစ် သုံးနိုင်သည့် ဆိုလာစနစ်သုံး EV ယာဉ် နမူနာပုံများ။

# နှစ် (၁၅၀) ပြည့် ဂျပန်မီးရထားသမိုင်း

တက္ကသိုလ်မောင်ရှုပ

*(ယမန်နေ့မှအဆက်)*

ဂျပန်နိုင်ငံရဲ့ မီးရထားအကြောင်းပြောကြရင် ရှင်ကန်ဆန်လို့ခေါ်ကြတဲ့ အမြန်ရထားပြေးဆွဲမှုကလည်း အဓိကအခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ ရှင်ကန်ဆန်အမြန်ရထားတွေဟာ ဂျပန်နိုင်ငံရဲ့ ရထားသမိုင်းမှာ ကြီးမားတဲ့အပြောင်းအလဲတွေကို ဖော်ဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ စိတ်ဝင်စားစရာအချက်က ဒီအမြန်ရထားတွေ တည်ဆောက်ဖို့ စတင်ကြံစည်ခဲ့တဲ့အချိန်က ဂျပန်နိုင်ငံဟာ နယ်မြေသစ်တွေ ချဲ့ထွင်နေတဲ့ ၁၉၃၉ ခုနှစ်မှာ ဖြစ်ပါတယ်။ မူလအစီအစဉ်အရ တစ်နာရီကို ကီလိုမီတာ ၂၀၀ အထိ မောင်းနှင်နိုင်မယ့် ရထားလမ်းကို ဂျပန်နိုင်ငံ၊ ဟွန်ရှူးကျွန်းကနေ အာရှတိုက်ကမ်းခြေအထိ ကိုရီးယားကျွန်းဆွယ်ကနေတစ်ဆင့် ပင်လယ်ရေအောက်လမ်းကြောင်းကနေ ပြေးဆွဲဖို့ ရည်ရွယ်ခဲ့တယ်လို့ သိရပါတယ်။ အာရှကမ်းခြေအထိရထားပြေးဆွဲဖို့ အစီအစဉ်ကို ဂျပန်နိုင်ငံဟာ ၁၉၄၄ ခုနှစ်မှာ စွန့်လွှတ်ခဲ့ပေမယ့် ပြည်တွင်းမှာ ပြေးဆွဲနိုင်ဖို့အတွက် Japan National Railways (JNR) ကုမ္ပဏီက ဂျပန်နိုင်ငံသားအင်ဂျင်နီယာ Hideo Shima က ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။



ဂျပန်နိုင်ငံ၏ အထင်ကရပြယုဂ် နှစ်ခုဖြစ်သည့် ဖူဂျီတောင်နှင့် ရှင်ကန်ဆန်အမြန်ရထား။

◆ **Hideo Shima နဲ့ JNR ကုမ္ပဏီရဲ့ဥက္ကဋ္ဌ Shinji Sogo တို့ဟာ ဂျပန်နိုင်ငံမှာ ရှင်ကန်ဆန်အမြန်ရထားတွေ လက်တွေ့ပြေးဆွဲနိုင်ဖို့ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့တဲ့သူတွေဖြစ်လို့ ရှင်ကန်ဆန်အမြန်ရထားတွေရဲ့ ဖခင်ကြီးတွေလို့တောင် တင်စားခေါ်ဝေါ်ကြပါတယ်။ သူတို့နှစ်ဦးဟာ အရှိန်ပြင်းပြင်းနဲ့ရထားတွေ မောင်းနှင်ရာမှာ ရထားစီးနင်းသူတွေ အန္တရာယ်ကင်းရှင်းစေဖို့ လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့်လိုအပ်ချက်တွေကို ဖော်ဆောင်ပေးခဲ့ကြပါတယ်**

### ရထားတွေရဲ့ ဖခင်ကြီးတွေလို့တောင် တင်စားခေါ်ဝေါ်

Hideo Shima နဲ့ JNR ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ Shinji Sogo တို့ဟာ ဂျပန်နိုင်ငံမှာ ရှင်ကန်ဆန် အမြန်ရထားတွေ လက်တွေ့ပြေးဆွဲနိုင်ဖို့ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့တဲ့သူတွေဖြစ်လို့ ရှင်ကန်ဆန် အမြန်ရထားတွေရဲ့ ဖခင်ကြီးတွေလို့တောင် တင်စားခေါ်ဝေါ်ကြပါတယ်။ သူတို့နှစ်ဦးဟာ အရှိန်ပြင်းပြင်းနဲ့ရထားတွေ မောင်းနှင်ရာမှာ ရထားစီးနင်းသူတွေ အန္တရာယ်ကင်းရှင်းစေဖို့ လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြင့်လိုအပ်ချက်တွေကို ဖော်ဆောင်ပေးခဲ့ကြပါတယ်။ အမြန်ရထားရဲ့ အဆင့်မြင့် အလိုအလျောက်ထိန်းချုပ်စနစ်တွေ၊ ရထားတွဲတွေအတွင်း လိုအပ်တဲ့ လေဖိအားပေးအပ်မှုစနစ်တွေအတွက် နည်းပညာတွေကို သူတို့နှစ်ဦးဟာ ဦးဆောင်ဖော်ထုတ် နိုင်ခဲ့ပါတယ်။ သို့သော်လည်း သူတို့ရဲ့ ကြိုးပမ်းမှုတွေဟာ လွယ်ကူခဲ့တာမဟုတ်ဘဲ စီမံချက် အကောင်အထည်ဖော်နေစဉ် သတ်မှတ်ဘတ်ဂျက်ထက်ကျော်လွန်ဆောင်ရွက်ခဲ့လို့ နှစ်ဦးစလုံး ၁၉၆၃ ခုနှစ် မှာ JNR ကုမ္ပဏီကနေ နုတ်ထွက်ခဲ့ကြရပါတယ်။ ဒါပေမယ့် ရထားစီးခရီးသည်တွေရဲ့ လုံခြုံစိတ်ချရမှုအတွက် လိုအပ်တဲ့နည်းပညာတွေ ဖော်ထုတ်ပေးနိုင်ခဲ့မှုအပေါ် သူတို့အနေနဲ့ ကျေနပ်အားရခဲ့ကြတယ်လို့ သိရပါတယ်။

ရှင်ကန်ဆန်အမြန်ရထားတွေကို ဂျပန်နိုင်ငံတွင်း စတင်ပြေးဆွဲနိုင်ခဲ့တာဟာ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ ဖြစ်ပါတယ်။ အဲဒီနေ့ဟာ ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲတွေကို ဖွင့်လှစ်ဖို့ ၁၀ ရက်အလိုမှာ ဖြစ်ပါတယ်။ ဒီလို နည်းပညာသစ်ဆန်းတဲ့ ရှင်ကန်ဆန်ရထားနဲ့ ကမ္ဘာ့အိုလံပစ်တို့ကို အချိန်ကိုက်ဆောင်ရွက်ခဲ့ခြင်းဖြင့် ဂျပန်နိုင်ငံဟာ နိုင်ငံတကာမျက်နှာစာကို အသွင်သစ်နဲ့ ပြန်လည်ဝင်ရောက်လာတယ်လို့ ဖော်ကျူးပြသလိုက်တာ ဖြစ်တယ်လို့ အဲဒီအချိန်က သတင်းစာဆရာတွေက သုံးသပ်ရေးသားခဲ့ကြပါတယ်။ ဂျပန်နိုင်ငံရဲ့ သမိုင်းကြောင်းမှာ အထင်ကရ အမှတ်အသားတစ်ခုဖြစ်တဲ့ ရှင်ကန်ဆန်ရထားတွေဟာ ရထားပြေးဆွဲမှုသမိုင်းမှာလည်း လုံခြုံစိတ်ချရမှုစံချိန်ကို ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ အခုဆိုရင် ရှင်ကန်ဆန်အမြန်ရထားလမ်းကြောင်းတွေဟာ နိုင်ငံရဲ့ မြောက်ဘက်အကျဆုံး ဟော့ကိုင်းဒိုးကျွန်းနဲ့ တောင်ဘက်အစွန်ဆုံး ကျူးရှူးကျွန်းအထိ ဖောက်လုပ်နေပြီဖြစ်ပါတယ်။ ရှင်ကန်ဆန် အမြန်ရထားအပြင် maglev လို့ခေါ်တဲ့ သံလိုက်ဓါတ်သတ္တိစွမ်းအားနဲ့မောင်းနှင်တဲ့ အမြန်ရထားတွေလည်း ရှိလာပြီ ဖြစ်ပါတယ်။

ဒါကြောင့် ဂျပန်နိုင်ငံရဲ့ ရထားပို့ဆောင်မှုဟာ နိုင်ငံတွင်းမှာ ပြည်သူတွေရဲ့ သွားလာလှုပ်ရှားမှုနှုန်း (mobility rate) မြင့်မားမှု၊ ကုန်စည်သယ်ယူပို့ဆောင်မှု (logistics)၊ ဆက်သွယ်မှုတွေအပြင် နိုင်ငံရဲ့ စီးပွားရေးအပေါ် များစွာအထောက်အကူပြုစေခဲ့တာ တွေ့မြင်နိုင်ပါတယ်။ သို့သော်လည်း ဂျပန်နိုင်ငံရဲ့ ရထားပြေးဆွဲမှုလုပ်ငန်းတွေဟာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေနဲ့လည်း ရင်ဆိုင်နေကြရတာ ဖြစ်ပါတယ်။ လောလောဆယ်အနေနဲ့ ၂၀၁၉ ခုနှစ် အကုန်ပိုင်းကနေ စတင်ဖြစ်ပေါ်ခဲ့တဲ့ ကိုဗစ်- ၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုနဲ့အတူ တစ်ဆက်တည်းဖြစ်ပေါ်လာတဲ့နိုင်ငံတွင်း အရေးပေါ်အခြေအနေ (State of emergency) သတ်မှတ်ကြေညာခဲ့မှုကြောင့် ပြည်သူတွေရဲ့ ခရီးသွားလာမှုလျော့ကျလာမှုနဲ့အတူ ဝင်ငွေလျော့ကျလာမှုကို ကြုံတွေ့နေရပါတယ်။ ရေရှည်စိန်ခေါ်မှုတွေအနေနဲ့ နိုင်ငံတွင်း လူဦးရေလျော့နည်းလာမှုနဲ့ ပုဂ္ဂလိကမော်တော်ယာဉ် ဝယ်ယူပိုင်ဆိုင်မှုနှုန်းထားတွေ တိုးတက်များပြားလာမှုတွေဟာ ရထားပြေးဆွဲမှုလုပ်ငန်းအနာဂတ်အတွက် စိုးရိမ်ဖွယ်ရာတွေ ဖြစ်ပါတယ်။

### လူမှုဘဝတွေကို စုစည်းပေါင်းစုံပေးတဲ့ ပလက်ဖောင်းတွေ ဖော်ဆောင်ပေးလျက်ရှိ

ဒါကြောင့် ရထားပြေးဆွဲမှုလုပ်ငန်းမှာ စီးပွားရေးပုံစံသစ် (New business model)တွေ ထပ်မံဖော်ထုတ်ဖို့ကိုလည်း ဂျပန်နိုင်ငံမှာ စတင်စဉ်းစားဆောင်ရွက်လာကြပြီ ဖြစ်ပါတယ်။ လက်ရှိ အချိန်မှာတော့ ဂျပန်နိုင်ငံရဲ့ ဘူတာရုံတွေဟာ ရထားစီးဖို့ သက်သက်ဆိုတာမျိုးမဟုတ်ဘဲ လူမှုဘဝတွေကို စုစည်းပေါင်းစုံပေးတဲ့ ပလက်ဖောင်းတွေ(Platforms for connected lifestyles) ဖြစ်တယ်ဆိုတဲ့ အယူအဆကို ဖော်ဆောင်ပေးလျက်ရှိပါတယ်။ တစ်နည်းအားဖြင့် ဘူတာရုံတွေဟာ ပြည်သူတွေ၊ ထုတ်ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေကို စုစည်းပေါင်းစပ်ပေးထားတဲ့ဆုံမှတ် (hub) တွေ ဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံရဲ့ ရထားပြေးဆွဲမှုလုပ်ငန်းတွေဟာ နိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုသမိုင်းကြောင်း၊ လူမှုဆက်ဆံရေးသမိုင်းကြောင်းမှာ အဓိကအရေးပါတဲ့နေရာကနေ ပါဝင်ခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ တစ်ဆက်တည်း ရထားပြေးဆွဲမှုလုပ်ငန်းဟာလည်း စတင်ပြေးဆွဲခဲ့တဲ့ ၁၈၇၂ ခုနှစ်ကနေ့စာရင် များစွာပြောင်းလဲခဲ့ပါတယ်။ ၁၈၇၂ ခုနှစ်မှာ ရှင်ဘာရှိဘူတာမှာ ရထားစီးမယ့် ခရီးသည်တွေ လန်ချားပေါ်ကဆင်းလာကြတဲ့ပုံစံနဲ့ ယနေ့မျက်မှောက်ရှင်ဘာရှိဘူတာပုံစံတို့ဟာ လုံးဝကွဲပြားခြားနားနေပြီ ဖြစ်ပါတယ်။ ဒီကနေ့ကနေ နောက်နှစ်ပေါင်း (၁၀၀) လောက်ကြာလာတဲ့အချိန်မှာလည်း ရထားပြေးဆွဲမှုစီးပွားရေးပုံစံတွေ ဘယ်လိုပြောင်းလဲ လာမလဲဆိုတာ နိုင်ငံရဲ့ ပြည်တွင်းဖြစ်ပေါ်မှု လက္ခဏာများ၊ နည်းပညာဆိုင်ရာ တိုးတက်ပြောင်းလဲမှုများနဲ့ ချိန်ဆပြီး ပြုပြင်ပြောင်းလဲသွားကြရမှာ ဖြစ်တယ်လို့ ဂျပန်နိုင်ငံ JR Groupမ ရဲ့ အကြီးဆုံးလုပ်ငန်းဖြစ်တဲ့ JR East ရဲ့ ပြောခွင့်ရပုဂ္ဂိုလ်က သုံးသပ်ပြောကြားခဲ့ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

ရည်ညွှန်း

Where Japan’s railways stand after 150 years of evolution by Tim Hornyak (Japan Times Newspaper) 8-10-2022




တိုကျိုဘူတာရုံအတွင်းရှိ ဈေးဆိုင်ခန်းများ။




ရုံးချိန်၊ ကျောင်းချိန်များတွင် ခရီးသည်များဖြင့် ပြည့်နှက်နေတတ်သည့် တိုကျိုဘူတာရုံများ။

*(ယမန်နေ့မှအဆက်)*

## မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ကချင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ကယားပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ကယားပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ကယားပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## တနင်္သာရီတိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ တနင်္သာရီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**တနင်္သာရီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ဧရာဝတီတိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ဧရာဝတီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ဧရာဝတီတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ရခိုင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ရခိုင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရခိုင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ချင်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ချင်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်လိုက်သည်။

**ချင်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## စစ်ကိုင်းတိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ စစ်ကိုင်းတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်လိုက်သည်။

**စစ်ကိုင်းတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## မန္တလေးတိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်လိုက်သည်။

**မန္တလေးတိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူး ရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ဦး ဒဏ်ရာရရှိသွားခဲ့ရပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရွံရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ ပဲခူးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်လိုက်သည်။

**ပဲခူးတိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

ကျိုက်ထီးရိုးဘုရား၊ ကင်မွန်းချောင်း၊ တောင်တက်ကားဂိတ်ကို အကြမ်းသမားများက လက်နက်များဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ဘုရားဖူးပြည်သူ ၁၉ ဦး ထိခိုက်ဒဏ်ရာရပြီး ၃ ဦး သေဆုံးခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်ပြီး ကုသိုလ်ကောင်းမှုများပြုလုပ်နေချိန် အခွင့်ကောင်းယူကာ ပြည်သူများ ပျက်စီးရေးကို ရှေးရှုလျက် အကြမ်းဖက်မှုများကို ပြုလုပ်ခဲ့သည့် အဖွဲ့အစည်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခဲ့သဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေ




၁၃၂ ကေဗွီ ဘီလူးချောင်း(၂) - တီကျစ် ဓာတ်အားလိုင်း ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂) - တီကျစ် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး စကားဝိုင်းကျင်းပ

**မြေပုံ အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Center) ခန်းမ၌ ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေရုံးတို့ပူးပေါင်း၍ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး စကားဝိုင်းပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်နီချေက စကားဝိုင်းကျင်းပရခြင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင်မိုးနိုင်က နိုင်ငံတော်မှမြန်မာနိုင်ငံရှိ ကလေးအလုပ်သမားများနှင့် ပတ်သက်၍ အကာအကွယ် ပေးထားသည့် ဥပဒေများရှိကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၈-၁၂-၂၀၁၃ ရက်တွင် ILO CONVENTION 182 ကို အတည်ပြုလက်မှတ် ရေးထိုးခဲ့ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကလေးပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



# နယ်သာလန်အိမ်ရှေ့မင်းသမီး လုံခြုံရေးခြိမ်းခြောက်ခံရ၍ အဆောင်မှ ထွက်ခွာ

**သည်ဟိတ် အောက်တိုဘာ ၁၅**

နယ်သာလန်နိုင်ငံမှ အိမ်ရှေ့မင်းသမီး ကက်သရီနာ အမ်မလီယာသည် အမ်စတာဒမ်ရှိ ၎င်း၏ကျောင်းသူအဆောင်တွင် လုံခြုံရေးခြိမ်းခြောက်မှုရှိလာသည့်အတွက် တော်ဝင်နန်းတော်သို့ ရွှေ့ပြောင်းသွားပြီဟု နယ်သာလန်ဘုရင် ဝီလမ်အလက်ဇန်းဒရားနှင့် မိဖုရား မက်ဆီမာတို့က မီဒီယာသို့ အသိပေးခဲ့သည်။ ဘုရင်နှင့်မိဖုရားတို့မှာ ဆွီဒင်နိုင်ငံသို့ အလည်အပတ်သွားရောက်နေစဉ် ယခုလို အသိပေးခဲ့ခြင်းဖြစ်သည်။

ယခုဖြစ်စဉ်မှာ အိမ်ရှေ့မင်းသမီး၏ ဘဝတွင် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများဖြစ်လာနိုင်ကြောင်း၊ ၎င်းမှာ အမ်စတာဒမ်တွင် ဆက်လက်နေထိုင်နိုင်ခြင်း မရှိတော့ဘဲ အပြင်ကိုလည်း မထွက်နိုင်ကြောင်း မိဖုရားမက်ဆီမာကပြောသည်။ အသက် ၁၈ နှစ်အရွယ် နယ်သာလန်အိမ်ရှေ့မင်းသမီးမှာ ပြီးခဲ့သည့်နွေရာသီက စာပေလေ့လာရန် အမ်စတာဒမ်သို့ လာရောက်နေထိုင်ခဲ့ခြင်း ဖြစ်သည်။

မင်းသမီးအနီးအနားတွင် လုံခြုံရေးများ ထူထပ်စွာ ချထားခြင်းကြောင့် ပိုမိုသိသာထင်ရှားစေသည်ဟု လွန်ခဲ့သည့်လအတွင်းက ဒီတယ်လီဂရက်ဖ်သတင်းစာတွင် ဖော်ပြထားသည်။

ဘုရင်နှင့်မိဖုရားတို့၏ ထုတ်ပြန်ချက်ပြီးနောက် ယင်းကိစ္စနှင့် ပတ်သက်၍ ရဲများနှင့်အစိုးရရှေ့နေများက နောက်ထပ်ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ ဘုရင်နှင့်မိဖုရားတို့ကမူ အိမ်ရှေ့မင်းသမီးကြုံတွေ့ရသည့်ခြိမ်းခြောက်မှုမှာ ပြင်းထန်ပြီး ၎င်း၏ ဘဝတွင်သက်ရောက်မှုများ ရှိလာမည်ဟု သိရှိထားကြသည်။ အိမ်ရှေ့မင်းသမီးလုံခြုံစိတ်ချရရေးအတွက် လူတိုင်းလူတိုင်း အစွမ်းကုန်ကြိုးပမ်းနေကြသည်ဟု အာမခံကြောင်း တရားရေးနှင့် လုံခြုံရေးဝန်ကြီး ဒိုင်လင်းယက်စ်ဆိုဂုစ်က ပြောသည်။



အိမ်ရှေ့မင်းသမီး ကက်သရီနာ အမ်မလီယာကို နယ်သာလန်ဘုရင်၊မိဖုရားတို့နှင့် အတူတွေ့ရစဉ်။

ခြိမ်းခြောက်မှုနှင့် ပတ်သက်၍ အတိအကျ မပြောနိုင်သော်လည်း လုံခြုံရေးဝန်ထမ်းများသည် မင်းသမီး၏ လုံခြုံရေးအတွက် နေ့ရောညပါ တာဝန်ယူဆောင်ရွက်နေကြကြောင်း ၎င်းက ပြောသည်။

ဆင်ဟွာ

# နာဆာ၏ SpaceX မစ်ရှင်မှ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ အောင်မြင်စွာဆင်းသက်

**လော့စ်အိန်ဂျလိစ်**
**အောက်တိုဘာ ၁၅**

နာဆာ၏ SpaceX မစ်ရှင်မှ အာကာသယာဉ်မှူး လေးဦးသည် ဒရက်ဂွန် အာကာသယာဉ်ဖြင့် အမေရိကန် အရှေ့တောင်ပိုင်းပြည်နယ် ဖလော်ရီဒါသို့ အောက်တိုဘာ ၁၄ ရက်တွင် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း နာဆာက ပြောသည်။

နာဆာမှ အာကာသယာဉ်မှူးများ ဖြစ်ကြသည့် ကီရယ်လင်းဒ်ဂရင်း၊ ဘော့ဟင်းနက်စ်၊ ဂျက်ဆီကာ ဝက်ကင်စ်နှင့် ဥရောပ အာကာသအေဂျင်စီမှ ဆမန်သာ ခရစ်တိုဖာတီတို့သည် ကမ္ဘာမြေပေါ်သို့ လုံခြုံဘေးကင်းစွာ ပြန်လည် ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါအာကာသယာဉ်သည် အပြည်ပြည်ဆိုင်ရာ အာကာသ စခန်းမှ ည ၁၂ နာရီ ၅ မိနစ်တွင် ထွက်ခွာလာခြင်းဖြစ်သည်။ အာကာသယာဉ်ကို ဖလော်ရီဒါရှိ နာဆာ၏ကနေဒီ အာကာသ စခန်းမှ လွန်ခဲ့သောဧပြီ ၂၇ ရက် တွင်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ



အာကာသယာဉ်မှူးလေးဦးကို သယ်ဆောင်လာသည့် အာကာသယာဉ်အခန်းငယ် ဖလော်ရီဒါပြည်နယ် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဆင်းသက်လာသည်ကို တွေ့ရစဉ်။

# တူရကီယဲသမ္မတနိုင်ငံတွင် သတ္တုတွင်းပေါက်ကွဲမှုဖြစ်ပွား၊ ၂၅ ဦးထက်မနည်း သေဆုံး

**အန်ကာရာ အောက်တိုဘာ ၁၅**

တူရကီယဲသမ္မတနိုင်ငံ မြောက်ပိုင်း ကျောက်မီးသွေးတွင်း တစ်ခု၌ ပေါက်ကွဲမှု တစ်ခုဖြစ်ပွားရာ ၂၅ ဦးထက်မနည်း သေဆုံးကြောင်း သိရသည်။ အဆိုပါ ပေါက်ကွဲမှုမှာ အောက်တိုဘာ ၁၄ ရက်က အမစ်ရာမြို့မြောက်ပိုင်းရှိ သတ္တုတွင်းတစ်ခုတွင် ဖြစ်ပွားခြင်း ဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ၂၅ ဦး သေဆုံးပြီး ၁၁ ဦးမှာ ဆေးကုသမှုခံယူနေကြောင်း ဒေသတွင်း အာဏာပိုင်များက ပြောကြားသည်။

တူရကီယဲ သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဆုလေမန် ဆွိုင်းလုက သတ္တုတွင်းသို့ သွားရောက်ခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားနေချိန်တွင် အလုပ်သမား ၁၁၀ ရှိကြောင်း၊ အချို့မှာ ပိတ်မိနေဆဲဖြစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ပြောကြားသည်။

တူရကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်က အောက်တိုဘာ ၁၅ ရက်တွင် အခြေအနေကို စစ်ဆေးရန် သတ္တုတွင်းသို့ သွားရောက်မည်ဖြစ်ကြောင်း၊ အခင်းဖြစ်ပွားရသည့် အကြောင်းရင်းကို ဖော်ထုတ်ရန် အစိုးရအနေဖြင့် ကြိုးပမ်းသွားမည်ဟု ကတိပြု ပြောကြားသည်။

၂၀၁၄ ခုနှစ်က တူရကီယဲသမ္မတနိုင်ငံ ဆိုမာမြို့အနောက်ပိုင်း ကျောက်မီးသွေးတွင်းတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွားရာ ၃၀၁ ဦး သေဆုံးကြောင်း သိရသည်။ အဆိုပါ ကပ်ဘေးကြောင့် သမ္မတအာဒိုဂန်၏ အစိုးရကို ဆန့်ကျင်သည့် နိုင်ငံတစ်ဝန်း ဆန္ဒပြမှု များ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



အမစ်ရာမြို့ သတ္တုတွင်းဝင်ပေါက်မြင်ကွင်းကို တွေ့ရစဉ်။

## ဖိလစ်ပိုင်နိုင်ငံမြို့တော်၌ မီးလောင်မှုဖြစ်ပွား ခြောက်ဦး သေဆုံး

**မနီလာ အောက်တိုဘာ ၁၅**

ဖိလစ်ပိုင်နိုင်ငံမြို့တော်၌ အောက်တိုဘာ ၁၅ ရက် အရုဏ်မတက်မီက လူနေရပ်ကွက်တစ်ခု၌ အိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခြင်းကြောင့်ခြောက်ဦးသေဆုံးကြောင်း မီးဘေးကာကွယ်ရေးဌာနက ပြောကြားသည်။

ကွီဇုန် မြို့ဆင်ခြေဖုံးရပ်ကွက်တွင် ဒေသစံတော်ချိန် နံနက် ၂ နာရီ မတိုင်မီက မီးလောင်မှုဖြစ်ပွားပြီး နံနက် ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ကြောင်း၊ သေဆုံးသူများမှာ ၇၉ နှစ်အရွယ်အမျိုးသားတစ်ဦး၊ အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦး၊ ၎င်း၏ ကလေးများ ဖြစ်ကြသည့် အသက် ၁၂ နှစ်၊ အသက် ခုနစ်နှစ်၊ အသက် နှစ်နှစ်အရွယ်နှင့် အခြားယောကျ်ားလေး တစ်ဦးပါဝင်ကြောင်း ဗျူရိုက ပြောကြားသည်။

အဆိုပါ မိသားစုဝင်များမှာ မီးလောင်သည့်အိမ်အတွင်း ပိတ်မိခဲ့ပြီးနောက် အသက်ရှူကျပ်ခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားနိုင်ငံ၌ စက်လှေနစ်မြုပ် သေဆုံးသူ ၁၁ ဦး ထိရှိလာ

**ဖနောင်ပင် အောက်တိုဘာ ၁၅**

ကမ္ဘောဒီးယားနိုင်ငံတောင်ပိုင်း ကန်ဒယ်ပြည်နယ်တွင် အောက်တိုဘာ ၁၃ ရက်က ဝန်ပိုတင်ဆောင်လာသည့် စက်လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ၁၁ ဦး ထိရှိလာပြီဟု အောက်တိုဘာ ၁၅ ရက်တွင် အာဏာပိုင်များက ပြောသည်။ ယခုအခါကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အဆုံးသတ်ခဲ့ပြီဖြစ်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင်အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း နှင့် ယင်းနေ့တွင်ပင် အလောင်းတစ်လောင်းကို ထပ်မံတွေ့ရှိခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲမှု အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ခွန်ကင်က ပြောသည်။ မဲခေါင်မြစ်အတွင်း စက်လှေတိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး စက်လှေပေါ်တွင်လူ ၁၅ ဦး လိုက်ပါလာခဲ့ကြောင်း ၎င်းတို့ထဲမှ နှစ်ဦးမှာ စက်လှေဝန်ထမ်းများဖြစ်ပြီး ၁၃ ဦးမှာ ကျောင်းသားများ ဖြစ်ကြသည်။ စက်လှေ တိမ်းမှောက်မှုကြောင့် သေဆုံးသွားသူ ၁၁ ဦးတွင် အသက် ၁၂ နှစ်မှ ၁၄ နှစ်ကြား ကျောင်းသား ရှစ်ဦးနှင့် ကျောင်းသူ သုံးဦး ပါဝင်သည်။ လေးဦးကိုမူ အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့သည်။ အဆိုပါ လေးဦးမှာ ကျောင်းသား နှစ်ဦးနှင့် စက်လှေဝန်ထမ်း နှစ်ဦးတို့ ဖြစ်ကြသည်။

ဆင်ဟွာ

# ကိုဗစ်–၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် ၃၂၅ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၁၅–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၃၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၄၀,၂၄၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၂၈,၃၂၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၂,၃၀၆) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၀) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၂၆–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်နာတာရှည်ရောဂါ ရောဂါအခံ ရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင် ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်ခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက်ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ မှ ၁၅ ရက်အတွင်း ကုမ္ပဏီ ငါးခု၊ ယာဉ်စီးရေ ၁၀ စီးဖြင့် နှာခေါင်းစည်း ၆၉ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

**အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၃၂၉ ဦး၊ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်၌ ဒေသခံပြည်သူ ၃၁၆ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၁၇၁၁ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသားကျောင်းသူ ၂၆၆ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ စာသင်ကျောင်းများ၊ ဈေးများ၊



လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်) ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဗမာ့သွေး"သီချင်းဖြင့်လည်းကောင်း၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခေတ်ဆန်းချိန်" သီချင်း ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟာ"သီချင်း ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သူ့ဌေးဝါဒ"သီချင်းဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သုံးရောင်ခြယ်" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့် ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထာဝရအဓိဋ္ဌာန်"သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖွဲ့"သီချင်းဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပုဂံမြေ"သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။






ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ငါးပါဒအကွရာ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

## တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲ

**တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အလွတ်တန်းအဆင့်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မမြဖူးပွင့် အကအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မပြုံးပြုံးရီ အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ ရွှေမန်းမြေကျေးလက်ယိမ်းအဖွဲ့၊ ရခိုင်ပြည်နယ်မှ ရခိုင်ရိုးရာ မယိမ်တက် ယိမ်းအဖွဲ့၊ ကချင်ပြည်နယ်မှ လာချိဒ်ရိုးရာ အကအဖွဲ့၊ ရှမ်းပြည်နယ်မှ ပအိုဝ်းတိုင်းရင်းသားရိုးရာ အကအဖွဲ့၊ ကယားပြည်နယ်မှ ကယားတိုင်းရင်းသားရိုးရာ အကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့၊ မွန်ပြည်နယ်မှ မွန်ရိုးရာ (၁၂) မျိုး ယိမ်းအဖွဲ့၊ ကရင်ပြည်နယ်မှ ကရင်ရိုးရာ ဒုံးယိမ်းအဖွဲ့၊ ချင်းပြည်နယ်မှ ဆာလန်းရိုးရာ အကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မိုးဇာမြောအကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါနန်းစမ်းပွင့်အေး အကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာ ဓလေ့စရိုက်များ ပေါ်လွင်စေမည့် အက အလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ် ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

## ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ "ငါးပါဒအကွရာ" ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ် ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

## ဇာတ်တော်ကြီးပြိုင်ပွဲ

**ဇာတ်တော်ကြီးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ "ရာမာယဏ"ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုဇာတ်တော်ကြီးအဖွဲ့က မူရင်း ရာမာယဏဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အက အလှများနှင့် အနုပညာ ရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

## အရေးပြိုင်ပွဲ

**အရေးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ (ယဉ်ကျေးမှု ရတနာခန်းမ)၌ ကျင်းပရာ အဆင့်မြင့် ပညာအဆင့်ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အားမာန်သစ်တည် ရွှေ့သို့ချီ" ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**အိုးစည်ပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ (လေ့ကျင့်ရေးဇာတ်ရုံ)၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် အဖွဲ့များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ အဆင့်မြင့်ပညာ အဆင့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။



အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်စဉ်။



ပလွေပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်စဉ်။



အရေးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်တွင် ကယားပြည်နယ်မှ အားမာန်သစ်တည် ရွှေ့သို့ချီ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်စဉ်။

## ဒုံမင်းပြိုင်ပွဲ

**ဒုံမင်းပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထွန်းလင်းလျှံလက်" (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဒီပါမြေ"(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဒီပါမြေ"(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဟေမဝန်ချာ"(ဘွဲ့) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှန်ညောင်သဇ္ဈာ"(ဘွဲ့) ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သီလာမြေယံ" (ကြိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သီလာမြေယံ" (ကြိုး) ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှန်ညောင်သဇ္ဈာ"(ဘွဲ့) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါဟေမာန်"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က "ကျေးစေတမန်" (ကာလပေါ်) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "နှင်းယွန်းခါဟေမာန်" (ယိုးဒယား) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောနှင့် တောင်စွယ်"(ယိုးဒယား) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သုဝဏ္ဏသျှံ"(ကာလပေါ်) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း ) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "နန်းသီဟိုဠ်"(ယိုးဒယား) ဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

## ပလွေပြိုင်ပွဲ

**ပလွေပြိုင်ပွဲကို** အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ချစ်သမျှကို" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*
မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်းမြူး"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆဒ္ဒန်အိုင်သာ" (သီချင်းခံ) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ထွေတလာ"(ကြိုး) ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ" (ကြိုး)ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "လာချေပြီ" (ကြိုး) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကျွန်းကျွန်းပိုင်သ" (ကြိုး)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မန်းတောင်လက်ရာ" (ယိုးဒယား)ဖြင့် လည်းကောင်း၊ ချင်းပြည်နယ်မှ ပြိုင်ပွဲဝင်က "နှင်းယွန်းဂိမ္ဗာန်" (မွန်) ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အောင်မြေသာစံ" (ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ခန်းကျွန်းတွင်း" (ကြိုး) ဖြင့် လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။



ဒုံမင်းပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်စဉ်။

### ကွက်စိပ်ပြိုင်ပွဲ

**ကွက်စိပ်ပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟော်သဓာဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည် ပြသဟောပြော ယှဉ်ပြိုင်ကြသည်။



ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်စဉ်။

ယနေ့ပြိုင်ပွဲများ ကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ခေတ်တွင် IT နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အနောက်တိုင်း ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာသည့်အတွက် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်မသွားစေရေး သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန် လိုအပ်သည်။

တိုင်းရင်းသားပြည်သူများ၏ ဇာတိသွေး၊ ဇာတိမာန်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာ ထွန်းကားပြန့်ပွားရေးအတွက် စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု စွမ်းအားတို့ဖြင့် စေ့ဆော်စည်းရုံး မြှင့်တင်ပေးကြရမည်ဖြစ်ပြီး ပြည်သူများ၏ စိတ်ဓာတ်ရေးရာ အခြေခံတွင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်ထက်မြက်ပြီး ရှင်သန်ခိုင်မာနေစေအောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများမှ တစ်ဆင့် ပညာပေးစေ့ဆော် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



တိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၅ | ၂၈၆၅ | ၂၈၆၀ | ၂၇၆၀ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၇ |
| 95 Ron | ၁၉၅၂ | ၂၀၂၅ |
| HSD (500 ppm) | ၂၆၀၃ | ၂၆၈၅ |
| HSD (50 ppm) | ၂၆၇၄ | ၂၇၅၇ |
| HSD (10 ppm) | ၂၆၇၄ | ၂၇၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# လူတိုင်းညီမျှ ရိက္ခာရဖို့ အားလုံးပူးပေါင်း လုပ်ဆောင်စို့

## ကိုရင်အောင်မိုး-စိုက်ပျိုးရေး

**လူသားအားလုံး အာဟာရပြည့်ဝတဲ့အစားအစာတွေ ဖူဖူလုံလုံ စားသုံးနိုင်ကြဖို့နဲ့ ငတ်မွတ်ခေါင်းပါးမှု၊ အစာရေစာပြတ်လပ်မှုမတွေ လျော့ပါးပပျောက်စေဖို့ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေက ဆယ်စုနှစ်၊ ရာစုနှစ်အလိုက် အစီအမံတွေ ရေးဆွဲချမှတ်ဆောင်ရွက်နေကြသော်လည်း ကမ္ဘာ့ကပ်ရောဂါနဲ့ ရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှုတွေ၊ နိုင်ငံတွေအကြား နိုင်ငံရေး၊ စီးပွားရေး နည်းပညာ အားပြိုင်မှုတွေ စတဲ့ အကြောင်းအမျိုးမျိုးရဲ့ သက်ရောက်မှုတွေအောက်တွင် ကျန်းမာခြင်းနဲ့ပြည့်စုံတဲ့ စားနပ်ရိက္ခာကို စားသုံးခွင့်မရရှိတဲ့ လူဦးရေက တိုး၍ တိုး၍ လာဆဲဖြစ်နေပါတယ်။**

ကမ္ဘာသူ ကမ္ဘာသားတွေအားလုံး တစ်ယောက်မကျန် အာဟာရ ပြည့်ဝသော စားနပ်ရိက္ခာ ရရှိနိုင်တဲ့ ကမ္ဘာကြီးအဖြစ် ရေရှည်တည်တံ့ရပ်တည်နိုင်ဖို့မှာ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ဒေသတွင်း အဖွဲ့အစည်းတွေနဲ့ တစ်နိုင်ငံချင်း၊ လူသားတစ်ဦးတစ်ယောက်ချင်းက အပြန်အလှန် မျှဝေခံစားတတ်သော ကိုယ်ချင်းစာနာမှု၊ နားလည်ခွင့်လွှတ်မှု၊ အားပေးကူညီမှုတွေနဲ့ စုပေါင်းလုပ်ဆောင်ကြရန် လိုအပ်ဖို့လည်း ဖြစ်ပါတယ်။

### အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အထူးအလေးထားဆောင်ရွက်

စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ မိမိတို့ မြန်မာနိုင်ငံအနေနဲ့ ရှိပြီးဖြစ်တဲ့ ရေမြေသဘာဝ အရင်းအမြစ်တွေကို ထိထိရောက်ရောက်အသုံးချပြီး ကုန်ထုတ်လုပ်မှုတွေ တိုးမြှင့်အောင် ဆောင်ရွက်နေသလို လယ်ယာကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်လာဖို့ အဓိကမောင်းနှင်အားဖြစ်တဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ တောင်သူလယ်သမားတွေအကြား အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ကြစေဖို့ နိုင်ငံတော်အစိုးရက အထူးအလေးထား အားပေးဆောင်ရွက်နေတာကို တွေ့မြင်နေရပါတယ်။ အရင်းနှီးရှိသူနဲ့ ထုတ်လုပ်နိုင်စွမ်းရှိသူတို့ကို ပေါင်းစပ်ပေးခြင်း ဖြစ်ပါတယ်။

နိုင်ငံရဲ့ အဓိက ရိက္ခာစပါး၊ ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံအပြင် ဝတ်ရေးအတွက် ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်ရေးကို ဦးစားပေး ဆောင်ရွက်နေပြီး သွင်းကုန်အစားထိုးနိုင်ရေး ဆောင်ရွက်သလို၊ စားနပ်ရိက္ခာလိုအပ်ချက်ရှိနေတဲ့ နိုင်ငံတွေကို တင်ပို့ရောင်းချနိုင်ဖို့၊ စိုက်ပျိုးထုတ်လုပ်သူတွေအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မယ့် အရည်အသွေးကောင်း လယ်ယာထွက်ကုန်တွေ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ဖို့၊ ကုန်ချောထုတ်လုပ်တင်ပို့မှု ဖွံ့ဖြိုးလာရေးစတဲ့ ပို့ကုန်ကဏ္ဍ တိုးမြှင့်ရေးကိုလည်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေတာ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

လယ်ယာကဏ္ဍရဲ့ ထုတ်လုပ်မှုတိုးတက်ရေးကို မည်မျှပင်ကြိုးပမ်း အားထုတ်စေကာမူ နိုင်ငံတစ်ခုရဲ့ စားနပ်ရိက္ခာဖူလုံရေးနဲ့ အာဟာရပြည့်ဝရေးဟာ အဲဒီနိုင်ငံမှာ နေထိုင်ကြတဲ့ နိုင်ငံသူနိုင်ငံသားတွေရဲ့ ပူးပေါင်းလုပ်ဆောင်မှုနဲ့ အာဟာရဆိုင်ရာ နားလည်မှု၊ ကျန်းမာရေးဆိုင်ရာ အသိပညာပြည့်ဝမှုကလည်း များစွာလိုအပ်နေကြောင်း ပညာရှင်များရဲ့ သုံးသပ်တင်ပြမှုတွေ ရှိနေပါတယ်။

စားနပ်ရိက္ခာဖူလုံရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ ပညာရှင်တွေရဲ့ သုတေသနရလဒ်တွေ၊ လက်တွေ့ကြုံတွေ့ရမှုတွေအပေါ် သုံးသပ်ဖော်ထုတ်ပြီး ဖြန့်ဝေပေးနေတဲ့ ခေတ်မီစိုက်ပျိုးရေး နည်းပညာတွေ၊ သွင်းအားစုဆိုင်ရာတွေ၊ စိုက်ပျိုးရေ ရရှိရေးနဲ့ ရေအသုံးချမှု စီမံခန့်ခွဲရေးဆိုင်ရာ နည်းစနစ်တွေ၊ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်အသုံးပြုရေး၊ စက်မှုလယ်ယာစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊ ရိတ်သိမ်းပြီးနောက်ပိုင်း လုပ်ငန်းစဉ်တွေမှာ လိုက်နာဆောင်ရွက်ရမယ့် ရိတ်သိမ်းချိန်လွန် နည်းပညာတွေစတဲ့ လုပ်ငန်းတွေအပေါ် စိုက်ပျိုးထုတ်လုပ်သူတွေဘက်က တိကျစွာ လိုက်နာဆောင်ရွက်ရမည့် တစ်ကဏ္ဍချင်း ၊ လူတစ်ဦးချင်းရဲ့ ထုတ်လုပ်မှု တိုးတက်လာရုံသာမက အစားအစာ ဘေးကင်းလုံခြုံတွေ အာဟာရပြည့်ဝတဲ့ စားသောက်ကုန်တွေ၊ နိုင်ငံတကာ ဈေးကွက်ဝင်တဲ့အရည်အသွေးမြင့် ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်နိုင်မှာလည်း ဖြစ်ပါတယ်။

အလားတူပါပဲ ကုန်သွယ်ရာမှာ ဖြစ်ပေါ်နေတဲ့ သီးနှံဖိတ်စင် လေလွင့်မှုတွေ၊ ချက်ပြုတ်စားသုံးမှုတွေမှာ ဖြစ်ပေါ်နေတဲ့ အလေအလွင့်တွေ၊ တန်ဖိုးမဲ့စွန့်ပစ်မှုတွေ လျှော့ချနိုင်ရေး လုပ်ငန်းတွေမှာလည်း ပူးပေါင်းလုပ်ဆောင်ကြဖို့ လိုအပ်နေပါတယ်။ လူသားအားလုံး အညီအမျှ အာဟာရပြည့်ဝဖို့ လူသားအားလုံး ပူးပေါင်းလုပ်ဆောင်ကြဖို့ လိုအပ်ကြောင်း သတိပြုဖို့ လိုအပ်ပါတယ်။



**"နိုင်ငံရဲ့ အဓိက ရိက္ခာစပါး၊ ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံအပြင် ဝတ်ရေးအတွက် ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်ရေးကို ဦးစားပေး ဆောင်ရွက်နေပြီး သွင်းကုန်အစားထိုးနိုင်ရေး ဆောင်ရွက်သလို၊ စားနပ်ရိက္ခာ လိုအပ်ချက်ရှိနေတဲ့ နိုင်ငံများကို တင်ပို့ရောင်းချနိုင်ဖို့၊ စိုက်ပျိုးထုတ်လုပ်သူတွေအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မယ့် အရည်အသွေးကောင်း လယ်ယာထွက်ကုန်တွေ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ဖို့၊ ကုန်ချောထုတ်လုပ်တင်ပို့မှု ဖွံ့ဖြိုးလာရေးစတဲ့ ပို့ကုန်ကဏ္ဍ တိုးမြှင့်ရေးကိုလည်း စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နေတာ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်**

### ကျန်းမာပျော်ရွှင်တဲ့ ဘဝတွေကိုပိုင်ဆိုင်

လက်ရှိကြုံတွေ့နေရသော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကောင်းမွန်စေဖို့ အာဟာရမျှတစွာ စားသုံးဖို့ အာဟာရဆိုင်ရာနားလည်မှုနဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာတွေ အတန်အသင့် ပျံ့နှံ့စွာ ရရှိနေကြပြီဖြစ်ပါတယ်။ အာဟာရမျှတစွာ စားသုံးခြင်းနဲ့ သီးနှံတစ်ခုချင်းကရရှိတဲ့ အာဟာရတန်ဖိုး၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုမှုကို ပိုပြီး ထိထိရောက်ရောက် အသုံးချနိုင်ကြမယ်ဆိုရင် ကူးစက်ရောဂါတွေကို ခံနိုင်ရည် ရှိရုံသာမကပဲ ကျန်းမာပျော်ရွှင်တဲ့ ဘဝတွေကိုလည်း ပိုင်ဆိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

ကျန်းမာရေးနဲ့ညီညွတ်ပြီး အာဟာရပြည့်ဝတဲ့ အော်ဂဲနစ်(Organic)ထုတ်ကုန်တွေ ၊ဂျီအေပီ(GAP) ကျင့်စဉ်နဲ့ စနစ်တကျထုတ်ထားတဲ့ အသီးအနှံတွေ၊ ဂျီအေအိတ်ပီ (GAHP) နဲ့ မွေးမြူထုတ်လုပ်ထားတဲ့ အသားတွေ၊ ဂျီအေကျူပီ(GAqP) စံနှုန်းအတိုင်း မွေးမြူထုတ်လုပ်ထားတဲ့ ငါး၊ပုစွန်တွေ စတဲ့အဆင့်မြင့်ထုတ်ကုန်တွေကို ငွေကြေးတတ်နိုင်သူတွေက ရွေးချယ်ဝယ်ယူ စားသုံးနိုင်ကြပေမယ့် အခြေခံလူတန်းစားနဲ့ပြည်သူအများစုကတော့ လက်လှမ်းတမီမှာ ဝယ်ယူရရှိသမျှကိုသာ စားသုံးနေကြရတာလည်း ဖြစ်ပါတယ်။

### တစ်ပိုင်တစ်နိုင် ဥယျာဉ်ငယ်လေးများ ထူထောင်

ဒါကြောင့်လည်း မိသားစုတိုင်း တစ်ပိုင်တစ်နိုင် ဥယျာဉ်ငယ်လေးတွေ ထူထောင်စိုက်ပျိုး စားသောက်ကြဖို့၊ မြို့ပြနေမိသားစုတွေ အိမ်ဝရံတာ ပန်းအိုးများမှာ သီးပင်စားပင်ငယ်တွေ စိုက်ပျိုးစားသောက်သည့် အလေ့အထ ပြန်လည်ထွန်းကားလာဖို့ အားပေးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အခြေအနေပေးသူတွေအနေနဲ့ ကြက်နဲ့ ဆိတ် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နိုင်ကြမယ်ဆိုရင် မိသားစုအတွက် အာဟာရပြည့် ကြက်ဥနဲ့ ဆိတ်နို့တွေကို စားသုံးနိုင်ကြမည်ဖြစ်ပြီး အပိုဝင်ငွေလည်း ရရှိနိုင်ကြမှာ ဖြစ်ပါတယ်။ ကိုယ်တိုင်စိုက်ပျိုးပြီး ထွက်ရှိလာတဲ့ အသီးအနှံတွေကို စားသုံးခြင်းက ဘေးကင်း အာဟာရပြည့်ဝစေမှာဖြစ်သလို မိမိမျက်ကွယ်မှာ ပိုးသတ်ဆေးများအပါအဝင် စိုက်ပျိုးရေးသွင်းအားစုတွေ အတိုင်းအဆမဲ့ သုံးစွဲထားမှု၊ ရောင်းကုန်မျက်နှာပန်းလှဖို့ သုံးထားတဲ့ ဆိုးဆေးတွေ၊ ကြာရှည်အထားခံဖို့ အသုံးပြုထားတဲ့ ဓာတုဆေးဝါးတွေရဲ့ အန္တရာယ်က ရှောင်လွဲနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အသုံးစရိတ် ထွက်ငွေလျှော့ချနိုင်လို့ မိသားစုဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းက ထိန်းသိမ်းပေးပြီးဖြစ်မှာပါ။

အဲဒီလို အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူ၊ ပြည်သူအားလုံးက မိမိတို့ကျရာကဏ္ဍက ပူးပေါင်းပါဝင်လုပ်ဆောင်ကြမှသာ လုံလောက်တဲ့ စားနပ်ရိက္ခာပမာဏ ရရှိနိုင်မှု၊ ဈေးနှုန်းသင့်တင့်တဲ့ စားနပ်ရိက္ခာရရှိနိုင်မှု၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားနပ်ရိက္ခာရရှိနိုင်မှုတွေနဲ့ ပြည့်စုံတဲ့ နိုင်ငံတစ်ခုအဖြစ် အောင်အောင်မြင်မြင် ရပ်တည်နိုင်မှာ ဖြစ်သလို **"ထွက်ကုန်မြှင့်တင် တိုးထုတ်လျှင်၊ ကောင်းမွန် ပြည့်ဝ အာဟာရ၊ ဝန်းကျင် လှပ တို့ဘဝ၊ လူတိုင်းစေ့င ရရှိကြ"** ဆိုတဲ့ ၂၀၂၂ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်နဲ့အညီ လူတိုင်း အာဟာရပြည့်ဝပြီး ကောင်းမွန်လှပတဲ့ ဝန်းကျင်ကောင်းကို ပုံဖော်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။





## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၁၀-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** "တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော်" (မင်္ဂလသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေးအတီးပြိုင်ပွဲ" (ပဉ္စမနေ့)
**၀၈:၅၀** စားနပ်ရိက္ခာဖူလုံရေး အလေးထား ဆောင်ရွက်ပေး
**၀၉:၁၅** သတင်းသမားပြောတဲ့သတင်းစကား
**၀၉:၄၅** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆို ပြိုင်ပွဲ "တူယှဉ်ညွန့်ပျော်ဂီတပွဲတော် Season-2" တေးသီချင်းဆိုပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-ဃ)(ပွဲစဉ်-၇)
**၁၂:၄၅** အသိပညာနှင့်အမှန်တရား
**၁၃:၀၀** MRTV National News
**၁၃:၂၀** မြန်မာဂန္ထဝင်ရုပ်ရှင် "မှုံရွှေရည်" (ဒါရိုက်တာ-ဝင်းဦး)
**၁၆:၃၅** "ခေတ်သစ်ရှမ်း၊တိုင်းလုံ၊မောရှမ်း၊ဂုံရှမ်း၊ တိုင်းနေတို့၏ဝတ်စားဆင်ယင်မှု"
**၁၆:၄၅** "Sports Diary"
**၁၇:၂၅** Economic Review
**၁၇:၄၀** "ကမ္ဘာ့စားနပ်ရိက္ခာနေ့ ၂၀၂၂ခုနှစ်"
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာ သီရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့ ဒိုးလေး' (အပိုင်း-၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေးအတီးပြိုင်ပွဲ (ဆဋ္ဌမနေ့)
**၂၁:၁၅** ဘဝနှင့်အနုပညာ 'အကယ်ဒမီခင်သီတာထွန်း' (အပိုင်း-၁)
**၂၁:၃၀** ဆေးရောင်စုံရုပ်ရှင် "ကြင်နာဖော်" (ရန်အောင်၊မင်းဦး၊ဇင်မာဦး) (ဒါရိုက်တာ-မောင်နန္ဒ၊ယောဟန်ထူး)

**mitv**

**07:02** Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:10** Weekly Review
**07:26** Myanmar Orchestra (Thachinkhant)
**07:30** Ngapali Beach: Fishing Villages
**07:37** Faces Of ASEAN (Indonesia)
**07:41** Myanmar Designer Studio: Zin Htun
**08:01** News
**08:41** The Great Collector: Myanmar Antique Furniture and Handicraft
**09:01** Quiz Time (Ep-25)
**10:01** News
**10:27** Products of Myanmar - Strong And Stylish Pakokku Slippers
**10:39** Listening Pleasure, Instrumental Music (Mandolin) Special Show
**10:51** One of the Useful Purposes of Bamboo
**11:02** Kyaikhteeyoe: Bamboo Guns
**11:08** The Ornithologist: Dr. Thein Aung

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သူတို့ယုံကြည်ရာ
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း-၂)
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ရှားပါးလာသောရိုးရာတောင်းရက်လုပ်ခြင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပြိုးပဒေသာ(မဏိစန္ဒာနှင့်ပုလဲစိန်)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၃)
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
တောင်ပေါ်မြို့ကြပြာရည်ထုပ်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခါကြက်ဥပူတင်းလုပ်ကြမယ်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ဖားဆောင်းမြို့နယ်အတွင်းရှိ အဆင့်မြင့် မော်ချီးသတ္တုတွင်း
**ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၁)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကျန်းမာအောင်အသင်ရှင်နေထိုင်ခြင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၆
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် အပိုင်း-၂
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဂုဏ်ပြုအစီအစဉ်
**၀၆:၄၅** သုတေသနမှသည်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီ
**၀၇:၀၀** ကျန်းမာခြင်းဆုလာဘ်ကိုပိုင်ဆိုင်ဖို့ အာဟာရပြည့်ဝတဲ့နှစ်ရှည်သီးနှံတွေ စိုက်ပျိုးထုတ်လုပ်စားသုံးစို့
**၀၇:၄၀** "မွေးမြူရေးရာအဖြာဖြာ"
**၀၈:၁၀** ဘက်စုံအဆင့်မြင့်ကျေးရွာများထူထောင်ပေး တောင်သူဘဝတိုးတက်သာယာရေး
**၀၉:၁၅** ဆန်ကိုအခြေခံ၍ကိတ်မုန့်ပြုလုပ်နည်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကျောင်းကုန်းမြို့နယ်၌ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်



**ကျောင်းကုန်း အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်း မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါသော စစ်ကြောင်းကြီး ငါးကြောင်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲခန့်က အရှေ့ချောင်းအုပ်စု ညောင်ကုန်းလေးကျေးရွာရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အတွင်းရေးမှူး ယာယီရဲမှူး အောင်နိုင်ဦး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂) ဦးတင်မောင် တို့ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများပါသော စစ်ကြောင်းကြီး ငါးကြောင်းသည် အရှေ့ချောင်းအုပ်စုရှိ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင် ၃၅ ဦး၊ ဒေသခံပြည်သူ ၂၀၇ ဦး တို့နှင့်တွေ့ဆုံ၍ ကျေးရွာနေ ပြည်သူများအား လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး စားသုံးဆီ ဖူလုံစေရေး နေကြာကို စိုက်ပျိုးကြရန်လိုကြောင်း၊ ယာဉ်အန္တရာယ်/ လမ်းအန္တရာယ်ကင်းဝေး စေရေးအတွက် ဆိုင်ကယ်စီးနင်း မောင်းနှင်ရာတွင် မေးသိုင်းကြိုးပါသော ဦးထုပ်ဆောင်းပြီး မောင်းနှင်စေရေး၊ နှစ်ယောက်ထက် ပိုမစီးစေရေး စသည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာစေရန် အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ ဟောပြောပွဲအပြီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူများအား ထပ်ဆောင်းကာကွယ်ဆေး ထပ်မံထိုးနှံပေးကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၁၀ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၆၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၆၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၅ ကျပ် | ၂၇၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၄၀ ကျပ် | ၂၇၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀ ကျပ် | ၂၀၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၄၃ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၇၄ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၄ . ၉၀၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၂၂ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၄၆ . ၆၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၁ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၀၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၅၀၅ | ၁၄၁၄၇၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၂၀၅၄ | ၄၂၂၄၁၉၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၈ | ၁၄၂၂၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၂၅၈ | ၅၅၄၆၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၇၈ | ၄၈၉၅၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၂၀ | ၅၅၀၀၀ |
| AHP | ၅၁၀၀ | ၅၀၀၀ | ၆၀၉ | ၃၀၆၇၃၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာ့သကြားနှင့် ဂျုံစျေးကွက် စျေးကောင်းရဖွယ်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာ့သကြားနှင့် ဂျုံစျေးကွက်မှာ အတက်ဘက်သို့ ဆက်လက်ဦးတည်နေကြောင်း စက်တင်ဘာလနောက်ဆုံးပတ် စျေးကွက်သုံးသပ်ချက်များအရ သိရသည်။

"တရုတ်ကုမ္ပဏီတစ်ခုက တစ်နှစ်ကို သကြားတန်ချိန် ၃၀၀၀၀ ကနေ ၅၀၀၀၀ အထိ ဝယ်ယူလိုကြောင်းဆိုထားပြီး ဗီယက်နမ်ကိုတော့ လာမယ့် ၂၀၂၂-၂၀၂၃ ကြံရာသီမှာ တန်ချိန် ၆၀၀၀၀ ကျော် တင်ပို့မယ်လို့ သိရပါတယ်။ လက်ရှိ ပြည်တွင်းသကြားစျေးကွက်မှာတော့ သကြားတစ်ပိဿာကို ကျပ် ၂၅၅၀ အထိ စျေးမြင့်နေပါတယ်" ဟု ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကြံ/ သကြား/ ဂျုံစျေးကွက် ကျွမ်းကျင်သူ ကိုမင်းနိုင်က ပြောသည်။

တရုတ်နိုင်ငံရှိ ကုမ္ပဏီတစ်ခုမှ မြန်မာ့သကြားများကို ဝယ်ယူရန် ကမ်းလှမ်းချက်များရှိလာသည့်အပြင် ဗီယက်နမ်နိုင်ငံသို့လည်း မြန်မာ့သကြားများကို တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း ပြည်တွင်းပြည်ပ တင်ပို့ရောင်းချမှု စျေးကွက်သတင်းများတွင် ဖော်ပြထားသည်။ ဂျုံစျေးကွက်မှာလည်း သကြားစျေးကွက်နည်းတူ အတက်ဘက်သို့ ဦးတည်လျက်ရှိသည်။

"နှစ်ဆန်းပိုင်းက ဂျုံသုံးတင်းဝင် တစ်အိတ်စျေး တစ်သိန်းကျပ်အထက်ကို မတက်ခဲ့ဘူး။ အခုတော့ နှစ်သိန်းအထိ ဖြစ်လာတယ်။ ပွဲတော်ရက်တွေနီးလာတော့ ဂျုံသုံးစွဲသူများလာလို့လည်း ဖြစ်နိုင်သလို ပြည်ပကနေလည်း ဂျုံအဝင်နည်းနေတာကြောင့် ဖြစ်နိုင်တယ်။ ဂျုံစျေးက လက်ရှိမှာအတက်ကြမ်းနေတယ်"ဟု မြန်မာနိုင်ငံအထက်ပိုင်းမှ ကုန်သည်တစ်ဦးက ပြောသည်။

ပြည်ပမှ ဂျုံတင်သွင်းမှု အဝင်မရှိသဖြင့် ယခုနှစ်အတွင်း ဂျုံစျေးကောင်းနေခြင်းဖြစ်ပြီး ဂျုံ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ်နှစ်သိန်းအထိ ပေါက်စျေးများ မြင့်တက်နေကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးပဲများ မန္တလေးစျေးကွက်အတွင်း အရောင်းအဝယ်သွက်နေ

**မန္တလေး အောက်တိုဘာ ၁၅**

၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးပဲများ မန္တလေးစျေးကွက်အတွင်း အရောင်းအဝယ် သွက်လက်မြန်ဆန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။



မန္တလေးကုန်စည်ဒိုင်၌ ပဲအရောင်းအဝယ်ပြုလုပ်နေသည့် ကုန်သည်များ။

ဆောင်းသီးနှံ စိုက်ပျိုးရာသီသည် သီတင်းကျွတ်လဆန်းမှစတင်၍ တန်ဆောင်မုန်းလပြည့်အတွင်းဖြစ်ရာ ထိုအချိန်တွင် အဓိကပြည်ပပို့ကုန်ဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲနှင့် မြေထောက်ပဲမျိုးများ မန္တလေးစျေးကွက်အတွင်း၌ အရောင်းအဝယ်သွက်နေခြင်းဖြစ်ကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"၂၀၂၂ ခုနှစ် စိုက်ပျိုးရာသီမှာ သီးနှံတွေ စျေးကောင်းရရှိခဲ့လို့ ၂၀၂၃ ခုနှစ်မှာလည်း စျေးကောင်းရရှိမယ်လို့ မျှော်မှန်းချက်နဲ့ မျိုးပဲတွေကို အားတက်သရောဝယ်ယူပြီးတော့ စိုက်ပျိုးနေတာဖြစ်တယ်။ အခုရာသီမှာ မျိုးပဲတွေကို အထက်အညာဒေသတွေမှာ တောင်သူတွေ ဝယ်ယူပြီးတော့ ဆောင်းသီးနှံအတွက် မြိုင်မြိုင်ဆိုင်ဆိုင် စိုက်ပျိုးနေတာ တွေ့ရပါတယ်။ စျေးနှုန်းတွေက ဒီရက်ပိုင်းမှာ သိုလှောင်သူတွေအတွက် စျေးတက်မလာဘဲ ကျလာတာကို တွေ့ရပါတယ်။ မျိုးဝယ်တဲ့ တောင်သူတွေ အခက်အခဲမရှိဘဲနဲ့ အလွယ်တကူ ဝယ်ယူနိုင်တာကိုလည်း တွေ့ရပါတယ်။ သိုလှောင်သူတွေ မျှော်မှန်းသလောက်မရဘဲ စျေးများကျဆင်းလာတာကိုလည်း တွေ့ရပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ဆောင်းသီးနှံများကို ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးများနှင့် အထက်အညာဒေသ တိုင်းဒေသကြီးများတွင် အဓိကစိုက်ပျိုးကြပြီး ထို့ပြင် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ညောင်ဦးမြို့နယ်၌ တောင်သူများ မျှော်လင့်သည်ထက် ခရမ်းချဉ်သီးစျေးကောင်းရနေ

**ညောင်ဦး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသများမှတောင်သူများ စိုက်ပျိုးထားသည့် ခရမ်းချဉ်သီးပေါ်ချိန်တွင် မျှော်လင့်သည်ထက် စျေးကောင်းရရှိနေကြောင်း ခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူအချို့ထံမှ သိရသည်။

ယခုနှစ်တွင် ညောင်ဦးမြို့နယ်အတွင်း ခရမ်းချဉ်စိုက်ပျိုးမှု များပြားခဲ့ကာ ခရမ်းချဉ်သီးစတင်ပေါ်ချိန်က တစ်ပိဿာလျှင် ကျပ် ၂၀၀၀ အထိ ရောင်းချခဲ့ရခြင်းကြောင့် ခရမ်းချဉ်စိုက်ပျိုးတောင်သူများ မျှော်လင့်သည့် စျေးနှုန်းထက် ကျော်လွန်ခဲ့ကြောင်း ညောင်နီကျင်းကျေးရွာမှ တောင်သူ ဦးစိုးဝင်းက ပြောသည်။



ညောင်ဦးမြို့နယ်၌ ယခုနှစ် မိုးရွာသွန်းမှုအသင့်အတင့်ရှိ၍ ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အသီးသီးနှုန်းကောင်းမွန်သလို အသီးထွက်ရှိမှုလည်း ကောင်းကြောင်း သိရသည်။ ထွက်ရှိသည့် ခရမ်းချဉ်သီးများကို ပွဲစားများက စိုက်ခင်းနှင့်နီးသည့် နေရာများအထိ လာရောက်ဝယ်ယူခြင်းကြောင့် တောင်သူများအနေဖြင့် မြို့ပေါ်စျေးကွက်သို့ သွားရောက်ရောင်းချခြင်းမပြုရဘဲ သယ်ဆောင်စရိတ်ပါ သက်သာပြီး ခရမ်းချဉ်စိုက်ပျိုးတောင်သူများအနေဖြင့် ပို၍ အဆင်ပြေကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်း ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၂၅၀၀၀ ကျော် ထုတ်ချေးပေးသွားမည်

**မြစ်ကြီးနား အောက်တိုဘာ ၁၅**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူများအား နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ကချင်ပြည်နယ်အတွင်းမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအနေဖြင့် ယခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၂၅၀၀၀ ကျော် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၃ ရက်တွင်လည်း မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာ၊ ပမ္မတီး ရပ်ကွက်နှင့် ဆင်ဘိုမြို့ အောင်ချမ်းသာရပ်ကွက်မှ တောင်သူများအား ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၄၀၀၀ ခန့်ကို မြစ်ကြီးနားခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ထုတ်ချေးပေးခဲ့သည်။ စပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှင့် အခြားသီးနှံ တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် တစ်ဦးလျှင် အများဆုံး ၁၀ ဧကအထိ စိုက်ပျိုးစရိတ်ထုတ်ချေးနိုင်ပြီး အတိုးနှုန်းအနေဖြင့် တစ်နှစ်လုံးအတွက် ငါးရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် တောင်သူများအား ယခုနှစ်ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၇ ရက်မှ စတင်ထုတ်ချေးပေးနေပြီး ဒီဇင်ဘာလကုန်ပိုင်းအထိ အပြီးသတ်ထုတ်ချေးပေးမည်ဖြစ်ကြောင်း ကချင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးကျော်စွာလှိုင်ထံမှ သိရသည်။

**ယော်ဆောင်(ပြန်/ဆက်)**

# သံတောင်ကြီးဒေသထွက် ပေါ်ဦးပေါ်ဖျား ကွမ်းသီးအစိုများ စျေးကောင်းရရှိ

**သံတောင်ကြီး အောက်တိုဘာ ၁၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်မှ စိုက်ပျိုးထွက်ရှိသော ပေါ်ဦးပေါ်ဖျား ကွမ်းသီးအစိုများ ယခုနှစ်တွင် တစ်ပိဿာ ကျပ် ၂၅၀၀ မှ ၃၀၀၀ အထိ စျေးကောင်းရရှိနေပြီး ကွမ်းသီးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ်မှ ကွမ်းသီးစိုက်ပျိုး တောင်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ် ကွမ်းသီးပင်များ စိုက်ပျိုးကြပြီး ကွမ်းသီးသည် အပင်သက်တမ်း ခုနစ်နှစ်တွင် စတင် သီးကာ အသီးရင့်မှည့်သည့် အောက်တိုဘာမှ ဒီဇင်ဘာလတွင် ခူးယူရောင်းချလေ့ရှိကြောင်း သိရသည်။

**စောမင်းသား (ပြန်/ဆက်)**

# သရက်ချောင်းမြို့နယ်၌ တစ်ပိုင်တစ်နိုင် ငွေချိုသီးပင်များ စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိ

**သရက်ချောင်း အောက်တိုဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အတွင်းရှိ ဥယျာဉ်ခြံလုပ်ကိုင်နေသူများသည် နှစ်ရှည်သီးနှံပင်များနှင့် ရာသီပေါ်သီးနှံများအကြားတွင် သီးညှပ်ပင်အဖြစ် ငွေချိုသီးပင်များ စိုက်ပျိုးကြရာ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေ ရရှိနေကြောင်း သိရသည်။

သရက်ချောင်းမြို့နယ်၌ ငွေချိုသီးပင် စိုက်ပျိုးရာတွင် ရေခံ၊ မြေခံကောင်းသော နေရာများတွင်သာ စိုက်ပျိုးမှ အောင်မြင်ဖြစ်ထွန်းကြောင်း၊ ငွေချိုသီးပင်သည် ရာသီမရွေး အသီး သီးကြောင်း၊ ငွေချိုသီးပင်စိုက်ပျိုးရာတွင် မြေဩဇာပေး၍ စနစ်တကျ ပျိုးထောင်ရပြီး ရေကိုလည်း လုံလောက်စွာပေးရကြောင်း၊ လက်ရှိအချိန်တွင် သရက်ချောင်းမြို့နယ်၌ ငွေချိုသီးတစ်လုံးလျှင် ကျပ် ၅၀ မှ ၁၀၀ အထိ စျေးရရှိပြီး မြို့ပေါ်စျေးများနှင့် စျေးဆိုင်များသို့ရောင်းချရကြောင်း ဥယျာဉ်ခြံစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

**သားကြီး(သရက်ချောင်း)**

# တံတားဦးမြို့နယ်၌ ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**တံတားဦး အောက်တိုဘာ ၁၅**

တံတားဦးမြို့နယ်၌ ယခုနှစ်အတွင်း ဒေသခံတောင်သူများ ကြံပက်စိုက်ပျိုးခြင်း၊ အတန်းလိုက် စိုက်ပျိုးခြင်းများ ပြုလုပ်ထားသည့် ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

တံတားဦးမြို့နယ်၌ တောင်သူအများစုသည် ပဲစင်းငုံကို ကဆုန်လနှင့် နယုန်လ မိုးဦးမိုးရွာသွန်းချိန်တွင် နှမ်းနှင့်အတူ ရောနှောစိုက်ပျိုးကြသည်။

နှမ်းများ နုတ်သိမ်းပြီးချိန်၊ ရိတ်သိမ်းပြီးချိန်တွင် မိုးရွာသွန်းပါက ပဲစင်းငုံပင်များအတွက် ထွန်ယက်ခြင်းများ ပြုလုပ်ပေးရပြီး ထိုသို့ပြုလုပ်ခြင်းဖြင့် အပင်များကောင်းလာပြီး အသီးများ ပိုမိုသီးလာကြောင်း သိရသည်။

ပဲစင်းငုံအပင်၏ သက်တမ်းသည် ခုနစ်လမှ ရှစ်လကျော် ကြာမြင့်ပြီး ပြာသိုလနှင့် တပို့တွဲလများတွင် ခုတ်သိမ်းကြောင်း၊ ခုတ်ယူပြီးသည့် ပဲစင်းငုံအပင်နှင့် အကိုင်းအခက်များမှ အစေ့၊ အသီးခွံ၊ အရွက်များကို သီးခြားခွဲထားပြီး အစေ့များကိုရောင်းချကာ အရွက်နှင့်အသီးများကို နွားစာအဖြစ် အသုံးပြုနိုင်ကြောင်း၊ တောင်သူများအနေဖြင့် ယမန်နှစ်က ပဲစင်းငုံပေါ်ချိန်တွင် တစ်တင်းလျှင် ကျပ် ၂၀၀၀၀ အထိ စျေးကောင်းရရှိခဲ့ကြပြီး ယခုနှစ်တွင်လည်း ပဲစင်းငုံပေါ်ချိန် စျေးကောင်းရရန် တောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

# ငါးလူးငါးများ ဝင်ရောက်မှုကောင်း၍ ကသာမြို့နယ်၌ အလုပ်အကိုင်အခွင့်အလမ်းများတိုးလာ



**ကသာ အောက်တိုဘာ ၁၅**
မိုးနှောင်းကာလရောက်ရှိလာ၍ ကသာမြို့နယ်အနီးတွင် ဧရာဝတီမြစ်ရေ မြင့်တက်လာခြင်း မရှိတော့သဖြင့် မြစ်ရိုးအင်းလက်ခွဲများ၌ ငါးလူးငါးများ ဝင်ရောက်မှုကောင်းလာပြီး ရေလုပ်သားများအနေဖြင့် ငါးဖမ်းဆီးနိုင်ကြသလို အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာကြကြောင်းသိရသည် ။

ငါးမဖမ်းရန်တားမြစ်ထားသည့် ငါးရစ်ငါးသန်ကာလ ကျော်လွန်လာသဖြင့် ရေလုပ်သားများနှင့် မြစ်ရိုးအင်း ငါးဖမ်းလုပ်သားများက ငါးအမျိုးမျိုး ရှာဖွေဖမ်းဆီးခြင်းကြောင့် ကသာမြို့ ငါးဈေးကွက်သို့ ငါးမျိုးစုံဝင်ရောက်လျက်ရှိရာ ကသာမြို့ရှိ ဈေးကြီး၊ ဈေးလေးနှင့် ဘူတာဈေးတို့တွင် ငါးလူးငါးများအပြင် တီလားပီးယား၊ ငါးဘတ်၊ ငါးနုသန်း၊ ငါးဖြက်ငါးများ နေ့စဉ်ဝင်ရောက်လျက်ရှိသည်။

လက်လီဈေးမှာ ငါးလူးငါးတစ်ပိဿာလျှင် ကျပ် ၆၀၀၀ ခန့်ရှိကာ ငွေလုံးငွေရင်းရလိုသူများအနေဖြင့် ငါးပွဲရုံဒိုင်များသို့ တင်သွင်းခြင်းများလည်းရှိကြောင်း သိရသည်။ အခြားငါးဈေးနှုန်းများမှာ ငါးအမျိုးအစားပေါ်မူတည်၍ငါးကြီးငါးကောင်းများက အမြင့်ဆုံး တစ်ပိဿာလျှင် ကျပ်တစ်သောင်းမှ အနိမ့်ဆုံး ကျပ် ၅၀၀၀ အထိ ဈေးရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသော ငါးများကို ရေခဲရိုက်ခြင်း၊ ငါးဆားနယ်ခြင်းများ ပြုလုပ်ပြီး မန္တလေးဘက်သို့ တင်ပို့ဖြန့်ချီခြင်းကို ဆောင်ရွက်နေကြသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုများလာခြင်းဖြစ်သည်။ ငါးဆားနယ်ပြုလုပ်ရာတွင် ငါးလူးငါးကို အဓိကထားပြုလုပ်ကြပြီး အခြားငါးများကို ငါးကြီးချဉ်၊ ငါးလေးချဉ်၊ ငါးဖယ်ချဉ်များအဖြစ်လည်း ပြုလုပ်ရောင်းချနေကြကြောင်း သိရသည်။

**ငွေအိုးကသာ**

# ကျောက်ဆည်မြို့နယ်အတွင်း သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၁၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့သပြေကုန်းကျေးရွာ၌ ဒေသခံတောင်သူမိသားစုများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော သင်္ဘောစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အရှေ့သပြေကုန်းကျေးရွာ၌ ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း ယာမြေများနှင့် ကိုင်းကျွန်းမြေများတွင် ငရုတ်၊ ကြက်သွန်၊ ငှက်ပျော၊ ဖူးစားပြောင်း၊ နနွင်းစသည့်သီးနှံများ စိုက်ပျိုးကြပြီး သင်္ဘောသီးများကို ဇော်ဂျီမြစ်ကမ်းနားဘေး သဲနုန်းယာမြေများတွင် မြစ်ရေတင်ပြီး မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း၊ အပင်သက်တမ်း ခြောက်လခန့်တွင် ရောင်းတန်းဝင် သင်္ဘောသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ရောင်းချရာတွင် ပွဲစားများက ရင့်မှည့်ခါနီး အသီးရင့်များကို လာရောက်ခူးဆွတ်ပြီး သံသေတ္တာများဖြင့်ထည့်ကာ သေတ္တာအရေအတွက်အတိုင်း ကာလပေါက်ဈေးဖြင့် ရောင်းချရကြောင်း၊ အသီးလှိုင်ချိန်တွင် တစ်ဧကမှ တစ်ကြိမ်ခူးဆွတ်ပါက ကျပ် ၁၂ သိန်းခန့် ရကြောင်း သင်္ဘောစိုက်တောင်သူ ဦးသန်းထွန်းက ပြောသည်။

သင်္ဘောစိုက်ပျိုးရာတွင် အပင်သေပျောက်မှု မရှိစေရန်အတွက် ပျိုးပင်များ သီးသန့်ပျိုးထောင်ပြီး မြေပေါင်များပြုလုပ်၍ တစ်ပင်နှင့်တစ်ပင်-တစ်တန်းနှင့်တစ်တန်း ၁၀ ပေအကွာအဝေးခန့် စိုက်ပျိုးပါက သီးလုံးပို၍ လုပကြောင်းနှင့် လိုအပ်သည့် အချိန်များတွင် ပိုးနှင်ဆေးနှင့် ပိုးသတ်ဆေးများ ဖျန်းပေးရပြီး ရာသီဥတုအခြေအနေအပေါ်မူတည်၍ ရေသွင်းပေးခြင်း၊ မြေဩဇာကျွေးပေးခြင်းများလည်း ပြုလုပ်ပေးရကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



# မန္တလေးတိုင်းဒေသကြီးမှ ခရိုင်ကိုးခု၌ ဆောင်းနှမ်း ဧက ၇၃၀၀၀ ကျော် စိုက်ပျိုးမည်

**မန္တလေး အောက်တိုဘာ ၁၅**
၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ကိုးခု၌ ဆီထွက်သီးနှံဖြစ်သော ဆောင်းနှမ်းကို စိုက်ဧက ၇၃၀၉၅ ဧကအထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆောင်းနှမ်းများကို တိုင်းဒေသကြီးအတွင်း ခရိုင်ကိုးခုရှိ မြို့နယ် ၁၈ မြို့နယ်တွင် ယခုအောက်တိုဘာလဆန်းမှစတင်၍ စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ ပြည်တွင်းရှိ စားသုံးသူပြည်သူများ ဆီဖူလုံမှုရှိစေရေးအတွက် ဌာနမှ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးမှုများဖြင့် အဆိုပါဆောင်းနှမ်းများကို စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်ပကနေ စားအုန်းဆီတင်သွင်းမှုတွေ လျှော့ချဖို့အတွက် အဓိကရည်ရွယ်ပြီးတော့ တိုင်းဒေသကြီးအတွင်းမှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာတွေကို ပိုမိုတိုးချဲ့စိုက်ပျိုးနေပါတယ်။ တိုင်းဒေသကြီးအတွင်း ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက်လည်း ပါတယ်။ ပြီးခဲ့တဲ့နှစ်က နှမ်းကိုလျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာ ဆောင်းနှမ်းစိုက်ပျိုးတဲ့အခါ မျိုးကွဲတွေအလိုက် စိုက်ပျိုးကြပါတယ်။ တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဆီထွက်သီးနှံ အမျိုးအစားအလိုက် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေးနည်းပညာတွေကိုလည်း ပံ့ပိုးဆောင်ရွက်ပေးပါတယ်"ဟု အဆိုပါတာဝန် ရှိသူက ပြောသည်။

ခရိုင်အလိုက် စိုက်ပျိုးသွားမည့်ဧကများမှာ ကျောက်ဆည်ခရိုင်၌ ၁၃၄၈၅ ဧက၊ ညောင်ဦးခရိုင်၌ ၂၅၂၃ ဧက၊ တံတားဦးခရိုင်၌ ၁၄၉၅၈ ဧက၊ ပြင်ဦးလွင်ခရိုင်၌ ၇၅ ဧက၊ မိတ္ထီလာခရိုင်၌ ဧက ၁၉၇၀၊ မြင်းခြံခရိုင်၌ ၂၁၈၁၂ ဧက၊ ရမည်းသင်းခရိုင်၌ ဧက ၂၅၀၀၊ သပိတ်ကျင်းခရိုင်၌ ၁၀၆၅၁ ဧက၊ အောင်မြေသာစံခရိုင်၌ ၅၁၂၁ ဧကဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရှမ်းပြည်နယ်ထွက် ကမ္ဗလာသီးများ မန္တလေးဈေးကွက်၌ ဈေးနှုန်းချိုသာစွာရောင်းချ

**မန္တလေး အောက်တိုဘာ ၁၅**
လမ်းပန်းဆက်သွယ်ရေးလွယ်ကူခြင်းကြောင့် ရှမ်းပြည်နယ် တောင်ကြီး၊ ရွာငံ၊ သီပေါမြို့တို့မှထွက်ရှိသော ကမ္ဗလာသီးများကို မန္တလေးမြို့နှင့် အခြားမြို့ကြီးများသို့ တိုက်ရိုက်ရောင်းချနိုင်သဖြင့် မန္တလေးမြို့တွင် ကမ္ဗလာသီးအပါအဝင် ရှမ်းပြည်နယ်ထွက်သစ်သီးများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ကြကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ်မှ သစ်သီးရောင်းချသူတစ်ဦးက "ဆိုင်မှာ ရှောက်သီး၊ လိမ္မော်သီး၊ ပန်းသီးစတဲ့ အသီးပေါင်းစုံရောင်းပါတယ်။ အခုဆို တောင်ကြီး၊ ရွာငံ၊ သီပေါမြို့တို့ကထွက်တဲ့ ကမ္ဗလာသီးတွေလည်း ရောင်းတယ်။ အထူးသဖြင့်တော့ တောင်ကြီးမြို့ကထွက်တဲ့ ကမ္ဗလာသီးတွေ ရောင်းအားကောင်းတယ်။ တစ်လုံးကို ကျပ် ၂၀ နဲ့ ၁၀ လုံးဆိုရင် တစ်လုံး ကျပ် ၁၅၀လောက်ပဲကျတယ်။ ပေါ်ခါစ ရာသီသစ်သီးဖြစ်တော့ ရောင်းအားကောင်းတယ်၊ တစ်နေ့ကို အလုံး ၂၀၀၀ လောက် ရောင်းရပါတယ်။ ဝါတွင်းကာလဖြစ်လို့ ဖျော်ရည်လုပ်တိုက်ကျွေးတဲ့ ကုသိုလ်ပြုတဲ့သူတွေရော၊ လက်ဆောင်ပေးချင်တဲ့သူတွေရော၊ တစ်ဆင့်ပြန်ရောင်းချင်တဲ့ ဈေးသည်တွေရော ဝယ်ပါတယ်"ဟု ပြောသည်။

ရှမ်းပြည်နယ်အတွင်းမှ ကမ္ဗလာသီးစိုက်ပျိုးသူများက ရေသွင်းစိုက်ပျိုးနေခြင်း၊ မိုးရွာသွန်းမှုကောင်းခြင်း၊ ကမ္ဗလာသီးကို စိုက်ပျိုးသူများပြားနေခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နေခြင်းတို့ ကြောင့် မန္တလေးဈေးကွက်တွင် ကမ္ဗလာသီးများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **ရွှေတိုး**



# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးကောင်းသောက်စပါးများ အထွက်နှုန်းကောင်းနိုင်



**ညောင်ဦး အောက်တိုဘာ ၁၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ရာသီဥတုကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးထားပြီးသော မိုးကောင်းသောက်စပါး (မိုးစပါး) များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ ရိတ်သိမ်းချိန်တွင် အထွက်နှုန်းကောင်းရန် သေချာသလောက်ရှိနေပြီဖြစ်ကြောင်း ဒေသခံတောင်သူအချို့က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ မိုးစပါးကို နယုန်လနှင့် ဝါဆိုလတို့တွင် စတင်ပျိုးထောင်၍ ဝါခေါင်လတွင် စတင်စိုက်ပျိုးကြသည်။ ပျိုးထောင်ပြီး ပျိုးသက် ၂၁ ရက်သားမှ ၄၅ ရက်သား ပျိုးပင်များကို ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း သိရသည်။ ကျောက်ပန်းတောင်းမြို့နယ်၌ မိုးစပါးအထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးမှုများပြားကာ စပါးမျိုးများ အနေဖြင့် မနောသုခ၊ ရာငါး၊ ဆင်းသွယ်ရင်၊ ဧရာမင်းစသည့် စပါးအမျိုးမျိုးကို ပျိုးထောင်စိုက်ပျိုးကြသည်။ တစ်တင်းခွဲ စပါးပျိုးအိတ်တစ်အိတ်လျှင် ကျပ် တစ်သောင်းခွဲမှ နှစ်သောင်းအထိပေး၍ ဝယ်ရပြီး ယခုနှစ်တွင် တစ်ပြည်လျှင် ကျပ် ၇၀၀၀ ပေးရသော ပုလဲသွယ်မျိုးစပါးများကိုလည်း စမ်းသပ်စိုက်ပျိုးကြကြောင်း ပုလဲသွယ်စပါးမျိုးစိုက်ပျိုးသူ လဲဂွကျေးရွာမှ ဦးမောင်ပိုက်က ပြောသည်။

တော်သလင်းလ၊ သီတင်းကျွတ်လတို့တွင် စပါးများကို ရိတ်သိမ်းလေ့ရှိပြီး ကျောက်ပန်းတောင်းမြို့နယ်၌ မိုးစပါးတစ်ဧကလျှင် တင်း ၉၀ မှ ၁၂၀ အထိ အထွက်နှုန်းကောင်းလေ့ရှိကြောင်း၊ မိုးလေဝသ မှန်ကန်သည့်နှစ်များတွင် မိုးစပါးများ စောစော စိုက်ပျိုးလေ့ရှိပြီး မိုးရွာသွန်းမှုနောက်ကျလျှင် မြေအောက်ရေသွင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ဝင်းထိန်**
**(ပြန်/ဆက်)**

အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဂုဏ်ပြုဆောင်းပါး

# စုပေါင်းဖြေရှင်းကြရမည့် စားနပ်ရိက္ခာဖူလုံမှု

သိန်းထွန်း (IR)

**လူသားတစ်ယောက်၏ လိုအပ်ချက်များတွင် စား၊ ဝတ်၊ နေရေးမှာ အခြေခံလိုအပ်ချက်သုံးမျိုး ဖြစ်ပါသည်။ ယင်းအခြေခံလိုအပ်ချက်သုံးမျိုးတွင် စားသောက်ရေးမှာ မရှိမဖြစ်အရေးကြီးဆုံးဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် လူသားတို့အတွက် စားနပ်ရိက္ခာဖူလုံရေးမှာ စိန်ခေါ်မှုတစ်ခုဖြစ်လာနေပြီး ထိထိရောက်ရောက်ဖြေရှင်းရမည့် ကိစ္စတစ်ခု ဖြစ်နေပါသည်။ သို့ဖြစ်ရာ စားနပ်ရိက္ခာဖူလုံရေးနှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်း နိုးကြားလာစေရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က နှစ်စဉ် အောက်တိုဘာ ၁၆ ရက်ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာ့နိုင်ငံများတွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။**

စားနပ်ရိက္ခာဖူလုံရေး၏အဓိပ္ပာယ်ကို ၁၉၉၆ ခုနှစ်က ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာ ထိပ်သီးဆွေးနွေးပွဲတွင် ဖွင့်ဆိုခဲ့သည်မှာ လူသားအားလုံးသည် အချိန်တိုင်းတွင် လန်းဆန်းတက်ကြွ၍ ကျန်းမာသောဘဝအတွက် ၎င်းတို့၏အစားအသောက် လိုအပ်ချက်များနှင့် နှစ်သက်ရာအစားအစာများရရှိစေသည့် လုံလောက်သော ရုပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းရှိခြင်း၊ ဘေးကင်းခြင်းနှင့် အာဟာရပြည့်ဝသောအစားအစာများရှိနေခြင်းဟုဆိုပါသည်။ စားနပ်ရိက္ခာဖူလုံရေးတွင် အောက်ပါအခြေခံရှုထောင့်များ ပါဝင်ပါသည်-

(က) စားနပ်ရိက္ခာရရှိနိုင်မှု (Food availability)

(ခ) စားနပ်ရိက္ခာဝယ်ယူနိုင်မှု (Food access

(ဂ) ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးနိုင်ခြင်း (Utilization)

(ဃ) လိုအပ်သောအချိန်တွင် လိုအပ်သော အစားအစာများအား စားသုံးရန် စဉ်ဆက်မပြတ်ရှိခြင်း (Stability)




### ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများစွာ

အဆိုပါ စားနပ်ရိက္ခာဖူလုံရေးသည် လူသားအားလုံးအတွက် အရေးကြီးလမ်းဆုံလမ်းခွသို့ ရောက်ရှိနေကြောင်း FAO က သတိပေးလျက်ရှိပါသည်။ တစ်နည်းအားဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည့်ကာလဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း စားနပ်ရိက္ခာအကျပ်အတည်းဖြစ်နေသည့် နိုင်ငံ/နယ်မြေရှိ လူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းနီးပါးသည် အကျပ်အတည်း သို့မဟုတ် ဆိုးရွားသော သို့မဟုတ် အလားတူအခြေအနေတွင် တွေ့ရကြောင်း၊ အချို့နိုင်ငံများတွင် ပဋိပက္ခ/မလုံခြုံမှုသည် စားနပ်ရိက္ခာမလုံခြုံမှုအတွက် အဓိကအကြောင်းရင်းဖြစ်သည်ကိုတွေ့ရကြောင်း Global Network against Food Crisis ၏ Global Report on Food Crisis ၂၀၂၂ အစီရင်ခံစာက ဆိုထားပါသည်။

### ပိုမိုခက်ခဲလာသော အခြေအနေ

ကမ္ဘာ့လူဦးရေသည် ၂၀၂၂ ခုနှစ်တွင် သန်းပေါင်း ရှစ်ထောင်ခန့်ရှိပြီး လူဦးရေမှာ ဆက်လက်တိုးပွားလျက်ရှိရာ ၂၀၅၀ ပြည့်နှစ်တွင် ၁၀ ဘီလီယံနီးပါးရှိလာမည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏စာရင်းများအရ ကမ္ဘာပေါ်ရှိ လူဦးရေ သန်းနှစ်ထောင်ကျော်မှာ ဘေးကင်း၍ အာဟာရပြည့်ဝသောအစားအစာ လုံလောက်စွာ ပုံမှန်မရရှိကြောင်း ထုတ်ပြန်ထားပါသည်။ ၂၀၂၂ ခုနှစ်သည် မကြုံစဖူးငတ်မွတ်မှုနှင့် ကြုံတွေ့ရသည့်နှစ်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ဆိုပါသည်။ စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ရင်ဆိုင်နေရသည့်အရေအတွက်သည် ၂၀၁၉ ခုနှစ်မှစ၍ လူဦးရေ ၁၃၅ သန်းမှ ၃၄၅ သန်းအထိ တိုးလာပြီး နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် လူဦးရေသန်း ၅၀ သည် အငတ်ဘေးနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားထားသည်။

ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲနွမ်းပါးသူ ၈၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အများစုသည် စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်များကို မှီခိုနေကြရသည်။ ၎င်းတို့သည် အများအားဖြင့် သဘာဝနှင့် လူဖန်တီးသောဘေးအန္တရာယ်များကြောင့် ထိခိုက်မှုအပြင်းထန်ဆုံး ခံစားနေကြရသူများဖြစ်ကြသည်။ သို့ဖြစ်ရာ မိမိတို့၏ စားနပ်ရိက္ခာစနစ်များမပြောင်းလဲပါက ၂၀၅၀ ပြည့်နှစ်တွင် အာဟာရချို့တဲ့မှုနှင့် မညီမျှမှုများ များစွာမြင့်တက်လာမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားပြီး ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ ရင်ဆိုင်နေရချိန်တွင် အားလုံးပါဝင်သော ဖြေရှင်းချက်များ ယခင်ကထက် ပိုမိုလိုအပ်နေကြောင်း တိုက်တွန်းထားပါသည်။

### ငတ်မွတ်ခေါင်းပါးမှု ဖြစ်ပွားရခြင်း

လူသားတို့၏ လိုအပ်ချက်များ ပိုမိုမြင့်မားနေချိန်တွင် အရင်းအမြစ်များမှာ ကျဆင်းလျက်ရှိကြောင်း ဆိုပါသည်။ ထို့အပြင် စားနပ်ရိက္ခာမလုံလောက်မှုဖြစ်စေသည့် အကြောင်းရင်းများသည်လည်း ပိုမိုပြင်းထန်ကျယ်ပြန့်လျက်ရှိနေပါသည်။ WFP အဆိုအရ ကမ္ဘာတစ်ဝန်း အငတ်ဘေးဖြစ်ပွားစေသည့် အကြောင်းရင်းလေးချက်မှာ -

(က) **ပဋိပက္ခများ။** ပဋိပက္ခများသည် ငတ်မွတ်ခေါင်းပါးမှုအတွက် အကြီးမားဆုံးအရင်းခံ အကြောင်းတရားတစ်ခုဖြစ်နေပြီး ကမ္ဘာ့ငတ်မွတ်ခေါင်းပါးသူ ၆၀ ရာခိုင်နှုန်းသည်စစ်ပွဲနှင့် အကြမ်းဖက်မှုဒဏ်ခံနေရသော ဒေသများတွင် နေထိုင်နေသူများဖြစ်ကြသည်။

(ခ) **ရာသီဥတုပြောင်းလဲမှု။** ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် အသက်ဆုံးရှုံးမှုများ၊ ကောက်ပဲသီးနှံများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေပြီး လူသားတို့၏ လုပ်ကိုင်စားသောက်နိုင်မှုစွမ်းရည်ကို လျော့ကျစေလျက်ရှိပါသည်။

(ဂ) **ကိုဗစ်ကပ်ရောဂါ၏ အကျိုးဆက်များ။** ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးအကျိုးဆက်များသည် မမျှော်လင့်သော အငတ်ဘေးအဆင့်အထိ ဖြစ်ပေါ်စေလျက်ရှိသည်။

(ဃ) **ကုန်ဈေးနှုန်းမြင့်တက်မှု။** အစားအသောက်များသည် ယခင်ကထက်ပို၍ ဈေးနှုန်းများ မြင့်တက်လာနေပါသည်။ အစားအသောက် ကုန်ဈေးနှုန်းများသည် ၁၀ နှစ်အတွင်း အမြင့်ဆုံးဖြစ်လျက်ရှိသည်။ ကမ္ဘာ့တောင်ခြမ်းရှိ ဆင်းရဲနွမ်းပါးသောနိုင်ငံများစွာတွင် အစားအသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ငတ်မွတ်ခေါင်းပါးမှု၊ အငတ်ဘေး သို့မဟုတ် လူမှုရေးမငြိမ်သက်မှုများကို ဖြစ်စေလျက်ရှိသည်။ ထို့အပြင် လူသန်းပေါင်းများစွာအတွက် စားနပ်ရိက္ခာဖူလုံရေးမှာ စိုးရိမ်ဖွယ်အခြေအနေ ရောက်ရှိနေပါသည်။

### မတူညီသောအကြောင်းရင်းများ

အထက်ပါအချက်များအပြင် နိုင်ငံနှင့် ဒေသအလိုက် မတူညီသောအကြောင်းရင်းများလည်း ရှိနေပါသည်။ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာများ၊ ဆင်းရဲမွဲတေမှု စသည်တို့အပြင် မူဝါဒဆိုင်ရာများ၊ စီမံခန့်ခွဲမှုဆိုင်ရာလည်း ပါဝင်နေသည်ကို တွေ့ရပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှုကို ထိခိုက်စေသည့် အရင်းခံအကြောင်းတရားများသည် ပြီးခဲ့သည့် ၁၀ နှစ်အတွင်း ဖြစ်ပွားမှု အကြိမ်ရေနှင့် ပြင်းထန်မှုများ တိုးလာနေကြောင်း WHO ၏ The State of Food Security and Nutritution in the World Report 2021 တွင် ဖော်ပြထားပါသည်။

### အားလုံးအတွက် စိန်ခေါ်မှု

ကမ္ဘာ့နေရာအနှံ့အပြားတွင် မြင့်တက်လာသော အခက်အခဲအကျပ်အတည်းများနှင့်အတူ စားနပ်ရိက္ခာဖူလုံရေးမှာ အားလုံးအတွက် စိန်ခေါ်မှု ဖြစ်လျက်ရှိသည်။ စားနပ်ရိက္ခာမလုံခြုံမှုနှင့် အာဟာရချို့တဲ့မှု စိုးရိမ်ဖွယ်မြင့်မားလာခြင်းသည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာအစားအစာစနစ်များ (Global and Local Food Systems) ပျက်စီးလာသည့်အဓိပ္ပာယ်ဖြစ်ပါသည်။

ထို့အပြင် ယူကရိန်းတွင် လတ်တလောဖြစ်ပွားနေသောစစ်ကြောင့် စားနပ်ရိက္ခာဖူလုံမှုကို တိုက်ရိုက်ထိခိုက်စေရုံမက ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေကြရသော လူသန်းပေါင်းများစွာ ရင်ဆိုင်နေရဆဲအခက်အခဲများကို ပိုမိုဆိုးရွားလာစေပါသည်။

### လူသားအားလုံးအပေါ် သက်ရောက်နိုင်

အချို့သောဒေသများနှင့် လူထုအပေါ်သို့ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ထိခိုက်နိုင်ခြေများရှိနေကြသော်လည်း လက်တွေ့တွင်မူ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူဦးရေအပြန်အလှန်ဆက်နွှယ်မှု ပိုမိုနီးစပ်လာသည့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ထိုထိခိုက်နိုင်မှုများသည် ကမ္ဘာ့လူသားအားလုံးအပေါ်သို့ သက်ရောက်လာနိုင်ပါသည်။ အကယ်၍ တစ်ဦးတစ်ယောက် နောက်ကျကျန်ခဲ့မည်ဆိုပါက ဆက်နွှယ်နေသည့် ကွင်းဆက်တစ်ခု ပြတ်တောက်သွားမည်ဖြစ်ပြီး *စာမျက်နှာ ၂၃ သို့*

> **❍ ကမ္ဘာ့လူဦးရေသည် ၂၀၂၂ ခုနှစ်တွင် သန်းပေါင်း ရှစ်ထောင်ခန့်ရှိပြီး လူဦးရေမှာ ဆက်လက်တိုးပွားလျက်ရှိရာ ၂၀၅၀ ပြည့်နှစ်တွင် ၁၀ ဘီလီယံနီးပါးရှိလာမည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ စာရင်းများအရ ကမ္ဘာပေါ်ရှိ လူဦးရေ သန်းနှစ်ထောင်ကျော်မှာ ဘေးကင်း၍ အာဟာရပြည့်ဝသော အစားအစာ လုံလောက်စွာ ပုံမှန်မရရှိကြောင်း ထုတ်ပြန်ထားပါသည်။ ၂၀၂၂ ခုနှစ်သည် မကြုံစဖူးငတ်မွတ်မှုနှင့် ကြုံတွေ့ရသည့်နှစ်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ဆိုပါသည်။ စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ရင်ဆိုင်နေရသည့် အရေအတွက်သည် ၂၀၁၉ ခုနှစ်မှစ၍ လူဦးရေ ၁၃၅ သန်းမှ ၃၄၅ သန်းအထိ တိုးလာပြီး နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် လူဦးရေ သန်း ၅၀ သည် အငတ်ဘေးနှင့် ရင်ဆိုင်နေရကြောင်း ပြောကြားထား**

# နေပြည်တော်ကောင်စီနယ်မြေ၌ ဂျပန်သို့ တင်ပို့သည့် အထည်ချုပ်လုပ်ငန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၅

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်လျက်ရှိသော Chindwin Banner ကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၄ ရက်တွင် သွားရောက်ကြည့်ရှုခဲ့သည်။**



နေပြည်တော်အတွင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ လုပ်ငန်းလည်ပတ် ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ သွားရောက်ကြည့်ရှုခြင်းဖြစ်ပြီး ကုမ္ပဏီတာဝန်ရှိသူက CMP စနစ်ဖြင့် အဝတ်အထည်များ ချုပ်လုပ်လျက်ရှိသည့် အခြေအနေ၊ Made in Myanmar အဖြစ် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသည့် အခြေအနေ၊ ပြည်တွင်းဝန်ထမ်း ဦးရေ ၈၀၀ ကျော်ကို အလုပ်အကိုင် ဖန်တီးပေးလျက်ရှိသည့် အခြေအနေနှင့် ရှေ့ဆက်လက်လုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရန်၊ ဒေသခံ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရန်နှင့် လုပ်သားများ၏ ကျွမ်းကျင်မှုဆိုင်ရာ မြှင့်တင်နိုင်ရေးအတွက် အလေးထား ဆောင်ရွက်ရန်တို့ကို မှာကြား၍ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## တာမွေမြို့နယ်၌ တိုက်ခန်းအနောက်ဘက်ဝရန်တာ ပြိုကျမှုဖြစ်ပွား

**တာမွေ အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် သီတာလမ်းဆုံရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ်ဝဲဘက်အခန်း အနောက်ဘက်ရှိ ဝရန်တာပြိုကျမှု ယနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့ပြီး အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်အနောက်ဘက် ဝရန်တာ ပြိုကျမှုဖြစ်ပွားခဲ့သည့် နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်လူမှုကူညီရေးအသင်းဝင်များ ရောက်ရှိပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။



ဖြစ်စဉ်တွင် ဒဏ်ရာရရှိခဲ့သူ အမျိုးသမီးမှာ အသက် ၅၀ နှစ်ဖြစ်ပြီး ယင်းတိုက်ခန်းတွင် တစ်ဦးတည်းနေထိုင်သူ ဖြစ်ကြောင်း၊ ခါးအောက်ပိုင်း၌ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် အဆိုပါ ဝရန်တာ ပြိုကျမှုဖြစ်ပွားခဲ့သည့် အဆောက်အအုံကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)က ပြန်လည် စစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

## မတူပီမြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဒုတိယအကြိမ် ရောင်းချပေး

**မတူပီ အောက်တိုဘာ ၁၅**

ချင်းပြည်နယ် မတူပီမြို့ရှိ ဒေသခံပြည်သူများအနေဖြင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဝယ်ယူစားသုံးနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရနှင့် မတူပီတပ်နယ်တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အခြေခံစားကုန်များ၊ ဟင်းသီး ဟင်းရွက်များကို အောက်တိုဘာ ၁၅ ရက်က မတူပီမြို့ ရှစ်လမ်းဆုံ၌ ဈေးနှုန်းသက်သာစွာ ရောင်းချပေးသည်။

ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ ကြက်သွန်နီ/ဖြူ၊ အာလူး၊ ကုလားပဲ၊ ကြက်ဥ၊ အမဲသား၊ ဝက်သား၊ ချဉ်ပေါင်ရွက်၊ ရွှေဖရုံရွက်၊ ဂေါ်ရခါးညွန့်၊ ဂေါ်ဖီထုပ်နှင့် ငရုတ်သီးစိမ်း စသည့် အခြေခံစားသောက်ကုန်များနှင့် မတူပီတပ်နယ် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသော အသား၊ ကြက်ဥ၊ နွားနို့နှင့် ဟင်းသီးဟင်းရွက်များကို ဒေသပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်း လျှော့၍ ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

လတ်တလော ဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းမြင့်တက်မှုများကြောင့် အခက်အခဲဖြစ်နေသည့် အခြေခံ လူတန်းစားများ၏ စားသောက်မှု အထောက်အကူဖြစ်စေရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ယခုကဲ့သို့ အခြေခံစားသောက်ကုန်များ ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ကာ ဈေးရောင်းချနေမှုများကို မတူပီ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးရဲကျော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၂၂ မှ*

ထိုကွင်းဆက် ပြတ်တောက်သွားမှု၏ အကျိုးဆက်ကို နောက်ကျကျန်ခဲ့သူတစ်ဦးတည်း သာခံစားရမည်မဟုတ်ဘဲ နယ်မြေကန့်သတ်မှုမရှိသော စိန်ခေါ်မှုများ၏ ဆင့်ကဲအကျိုးသက်ရောက်မှုများ (domino effects) ကို လူသားအားလုံး ခံစားကြရမည်ဖြစ်ပါသည်။

ထို့ပြင် အငတ်ဘေးဖြစ်စေသည့် အကြောင်းရင်းအချို့သည် သက်ဆိုင်ရာ နိုင်ငံ/ ဒေသတစ်ခုတည်းနှင့် သက်ဆိုင်နေသည်မဟုတ်ဘဲ ကမ္ဘာလုံးဆိုင်ရာ ပြဿနာများအဖြစ် တွေ့ရသည်။ ဥပမာအားဖြင့် နိုင်ငံတကာတင်းမာမှုများ၊ ပဋိပက္ခများ၊ စီးပွားရေးအကျပ်အတည်းများ၊ ကုန်ဈေးနှုန်းမြင့်တက်မှု၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ကိုဗစ်ကပ်ရောဂါတို့သည် နိုင်ငံအားလုံးအပေါ် အနည်းနှင့်အများ အကျိုးသက်ရောက်နေပါသည်။

ထိုသို့သောအခြေအနေများသည် ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ရည်မှန်းချက်များတွင် ပါဝင်သော ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်၍ လူသားအားလုံး အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် မွေးကင်းစ ကလေးငယ်များ အပါအဝင် ထိခိုက်လွယ်သော အခြေအနေရှိသူများသည် ဘေးကင်း၍ အာဟာရပြည့်ဝပြီး လုံလောက်သောအစားအစာများ တစ်နှစ်ပတ်လုံးရရှိနိုင်စေရန် ဆိုသည့် ရည်မှန်းချက်ကို ထိခိုက်စေလျက်ရှိပါသည်။

### စုပေါင်းဖြေရှင်းမှုဖြင့်

၂၀၂၂ ခုနှစ်တွင် ဖြစ်ပွားနေဆဲ ကိုဗစ်ကပ်ရောဂါ၊ ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှု၊ စီးပွားရေးကျဆင်းမှု၊ မညီမျှမှု၊ ဆင်းရဲမွဲတေမှု၊ ကုန်ဈေးနှုန်းများ မြင့်တက်နေမှုနှင့် နိုင်ငံတကာတင်းမာမှုများကြောင့် ကမ္ဘာ့လုံးဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေကြရကာ လူသားအားလုံးနှင့် သက်ဆိုင်သော ဖြေရှင်းမှုများ ယခင်ကထက် ပိုမိုလိုအပ်လာနေပြီဖြစ်သည်။ ပိုမိုကောင်းမွန်သောထုတ်လုပ်မှု၊ ပိုမိုကောင်းမွန်သည့်အာဟာရ၊ ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်နှင့် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝများရရှိရန်ရည်ရွယ်၍ စိုက်ပျိုးရေးအခြေခံ အစားအသောက်စနစ်များသို့ ပြောင်းလဲကြရမည်ဖြစ်သည်။ ယင်းသို့ ရေရှည်တည်တံ့၍ အလုံးစုံခြုံငုံသည့် ဖြေရှင်းမှုများကို အကောင်အထည်ဖော်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

လက်ရှိဖြစ်ပွားနေသော အခြေအနေများသည် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်မျှော်မှန်းချက်နှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု၊ ရွှေ့ပြောင်းနေထိုင်မှု၊ လူဦးရေတိုးပွားလာမှုနှင့် အစားအစာစနစ်များ (food systems ) ပျက်စီးလာမှုအပါအဝင် စားနပ်ရိက္ခာဖူလုံရေးအကျပ်အတည်းများ၏ မူလဇာစ်မြစ်များကို စဉ်ဆက်မပြတ်ကိုင်တွယ်ဖြေရှင်းရန် ပူးပေါင်းလုပ်ဆောင်မှုနည်းလမ်းများ လိုအပ်နေကြောင်း USAID နှင့် ကမ္ဘာ့ဘဏ်အပါအဝင် the Global Network တည်ထောင်သည့် အဖွဲ့ဝင်များဖြစ်သည့် European Union၊ FAO၊ WFP တို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ယင်းအစီရင်ခံစာတွင် လတ်တလော စားနပ်ရိက္ခာအကျပ်အတည်းများလျော့ပါးရေးနှင့် ကာလရှည်ကြာဆိုးကျိုးဖြစ်စေလျက်ရှိသည့် နည်းလမ်းများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဖြေရှင်းမှုတစ်ရပ်အဖြစ် အသေးစားစိုက်ပျိုးရေးကဏ္ဍကို ပိုမိုဦးစားပေးရန် လိုအပ်ကြောင်း တိုက်တွန်းထားပါသည်။ ထို့အပြင် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုများတွင် ပူးပေါင်းဆောင်ရွက်သည့်ချဉ်းကပ်မှုပုံစံကို အားပေးမြှင့်တင်ရမည်ဖြစ်ပါသည်။ အလားတူပင် ပဋိပက္ခများကို မီးလောင်ရာလေပင့်စေသည့် လုပ်ဆောင်မှုများကို ရှောင်ရှားခြင်းသည် ပြန်လည်ထူထောင်ရေးနှင့် ခံနိုင်ရည်ရှိမှုတည်ဆောက်ရေးကို အထောက်အကူဖြစ်စေသည်ဟုဆိုသည်။

### အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့

လတ်တလော စားနပ်ရိက္ခာမလုံလောက်မှုနှင့် ကုန်ဈေးနှုန်းမြင့်တက်မှု အကျပ်အတည်းသည် နိုင်ငံတကာနှင့် ပြည်တွင်း၌ ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ စစ်ပွဲများကြောင့်ဖြစ်သည်ကို ကိုယ်တွေ့ ကြုံနေကြရပါသည်။ ကမ္ဘာ့လူသားများ စားနပ်ရိက္ခာဖူလုံရေးအတွက် တိုက်တွန်းလှုံ့ဆော်နေကြသော်လည်း တစ်ဖက်တွင် စစ်ပွဲများ၊ ပဋိပက္ခများကို မလျှော့ချနိုင်သည့်အပြင် ပိုမိုကျယ်ပြန့်လာခြင်းမှာ ကုလသမဂ္ဂ၏ ရည်မှန်းချက်များ၊ နိုင်ငံအလိုက်၊ ဒေသအလိုက်ရည်မှန်းချက်များအတွက် အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ အရာမထင်ဖြစ်နေသည့်အပြင် အချို့နေရာများတွင် ပိုမိုဆိုးရွားလာနေသည်ကို တွေ့ရသည်။

တိုးတက်မှုများကို မျှော်မှန်းလုပ်ဆောင်ရာတွင် အကျိုးဖြစ်စေသည်များကို လုပ်ဆောင်ရမည် ဖြစ်သကဲ့သို့ အကျိုးပျက်စေသည့် လုပ်ဆောင်မှုများကိုလည်း လျှော့ချရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ စားနပ်ရိက္ခာဖူလုံရေးဆောင်ရွက်ရာတွင် အတားအဆီးဖြစ်စေသည့် အရင်းခံအကြောင်းတရားများ ကိုင်တွယ်ဖြေရှင်းရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရေရှည်ဖြေရှင်းကြရမည့်အကြောင်းအရာများ၊ လတ်တလောဖြေရှင်းရမည့်အကြောင်းအရာများအလိုက် နိုင်ငံများအကြား ဟန်ချက်ညီစုပေါင်းဖြေရှင်းမှုသာ ၂၀၃၀ မျှော်မှန်းချက်ဖြစ်သည့် ငတ်မွတ်မှုမရှိသော ကမ္ဘာကို မျှော်မှန်းနိုင်မည်ဖြစ်ပါသည်။ ။


**ကိုးကား**

၁။ The State of Food Security and Nutrition in the World Report 2021၊ FAO

၂။ Global Report on Food Crises: acute food insecurity hits new highs၊ 2022၊ Global Network against food crisis

၃။ https://www.wfp.org/global-hunger-crisis

# သန့်ရှင်းသာယာသောမြို့ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၅**

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ရှစ်မြို့နယ်၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အပါအဝင် မြို့နယ် လေးမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့အပါအဝင် မြို့နယ် သုံးမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ် ခုနစ်မြို့နယ်၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ်ရှစ်မြို့နယ်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင်မြို့နယ် ၁၇ မြို့နယ်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်းသိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် စုပေါင်းရုံးရှေ့၌ သန့်ရှင်းရေးဆောင်ရွက်စဉ် (ဝဲပုံ)နှင့် ဆောင်ရွက်ပြီး (ယာပုံ) တွေ့ရစဉ်။



# ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပူဇော်ပွဲနှင့် မဟာဒုက်မြသပိတ်နှင့် ဆွမ်းကြီးလောင်းပွဲ ကျင်းပ

**သီပေါ အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ စီစဉ်ဆောင်ရွက်မှုဖြင့် (၇၄)နှစ်မြောက် သံဃာတော်အရှင်သူမြတ် အပါး ၅၀၀ တို့အား မဟာဒုက်မြသပိတ်နှင့် ဆွမ်းတော်ကြီး လောင်းလှူပွဲနှင့် ဗုဒ္ဓပူဇနီယပူဇော်ပွဲကို ယနေ့နံနက် အရုဏ်တက်ချိန်က ဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည်။

ထို့နောက် ပေါ်ကြိုကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားတော်နှင့် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဧည့်ပရိသတ်များအား နံနက်စာဖြင့် အာဟာရဒါန ပြုကြသည်။

ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပူဇော်ပွဲနှင့် ဆွမ်းကြီးလောင်းလှူရာ၌ ဘုရားကြီး ဂေါပက ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ကျေးရွာလူကြီးများ၊ အလှူရှင်များ တက်ရောက်ကြည်ညို ပါဝင်လှူဒါန်းကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

● *ကျော့ဖုံးမှ*

ခရိုင်မီးသတ်ရုံးကို CDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး မော်တော်ယာဉ်များ မီးရှို့ခဲ့သဖြင့် အဆိုပါအနီးတစ်ဝိုက် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြန်အလှန်ထိတွေ့မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်တိုက်ခိုက် မီးရှို့ဖျက်ဆီးမှုကြောင့် မီးသတ်ရုံးအတွင်းရှိ မီးသတ်ယာဉ်နှစ်စီး မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်မီးရှို့ဖျက်ဆီးခဲ့သည့် CDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်စတာတို့ အိမ်ကွင်း၌ ပဲလေ့စ်ကို သရေကျခဲ့သောကြောင့် တန်းဆင်းဇုန်အတွင်းသာ ရပ်တည်နိုင်ခဲ့

ပရီမီယာလိဂ် ပွဲစဉ် (၁၁) မှ လက်စတာနှင့် ခရစ္စတယ် ပဲလေ့စ်အသင်းတို့ ပွဲစဉ်တွင် အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် ဂိုးမရှိသရေဖြင့်သာ အဆုံးသတ်ခဲ့သည်။

လက်စတာအသင်းက ယခုပွဲသရေကျမှုကြောင့် ရမှတ် ငါးမှတ်ဖြင့် တန်းဆင်းဇုန်အတွင်းသာ ရပ်တည်နိုင်ခဲ့သည်။ လက်စတာအသင်းအနေဖြင့် ပဲလေ့စ်အသင်းကို ဂိုးကန်သွင်းခွင့်အသာ၊ ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို အသင်းကစားသမားများ အဆုံးသတ်မသေချာသည့်အတွက် နိုင်ပွဲနှင့် ဝေးကွာခဲ့ခြင်းဖြစ်သည်။



လက်စတာနှင့် ခရစ္စတယ်ပဲလေ့စ်တို့ ယှဉ်ပြိုင်ကစားစဉ်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဝုဖ်က နော်တင်ဟမ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သလို ဘရန့်ဖို့ဒ်က ဘရိုက်တန်ကို နှစ်ဂိုး ပြတ် အနိုင်ရရှိခဲ့သည်။ ဖူလ်ဟမ်နှင့် ဘုန်းမောက်အသင်းတို့ ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

■ *ကျော့ဖုံးမှ*

ဆက်တိုက် ရှုံးပွဲမရှိ ကစားနိုင်ခဲ့သည်။ လက်ကျန် လေးပွဲအလိုတွင် ဒုတိယနေရာမှ အသင်းကို ရမှတ်အသာဖြင့် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ချန်ပီယံဆုရယူနိုင်ရန် အလားအလာကောင်းနေပြီဖြစ်သည်။

ဧရာဝတီအသင်းသည် ယခုပွဲတွင် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ နိုင်ငံခြားသားတိုက်စစ်မှူး ဆန်းဒေးမက်သရူးအပါအဝင် ပြည်တွင်းအမာခံကစားသမား အစုံအလင်ပါဝင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို ဧရာဝတီအသင်းကလည်း အကောင်းဆုံးတုံ့ပြန်ကစားခဲ့သည်။ မိနစ် ၂၀ တွင် ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဆန်းဒေးမက်သရူးက ခေါင်းတိုက်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဧရာဝတီအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းအပြီးအထိ ဂိုးရအောင် သွင်းယူနိုင်ခြင်းမရှိဘဲ ၅၇ မိနစ်မှ ချေပဂိုးပြန်ရခဲ့သည်။ ဧရာဝတီအသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး ရန်ကျော်ထွေးက သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသဖြင့် ရှမ်းယူနိုက်တက်အသင်း အနိုင်ဂိုးရရန် ကစားသမားများအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၇၀ တွင် လူစားဝင်ကစားသမား ဇင်မင်းထွန်းက ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် ဧရာဝတီအသင်း ချေပဂိုးပြန်ရရန် အခွင့်အရေးရခဲ့သော်လည်း ရန်ကျော်ထွေး အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၄ ပွဲကစား ရမှတ် ၃၇ မှတ်၊ ဧရာဝတီအသင်းက ၁၄ ပွဲကစား ရမှတ် ၂၃ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၆) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၁၆ ရက် **(ယနေ့)** တွင် ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ – MNL**

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၃၀ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၀၀ ကီလိုနှင့် ကက်တမင်း ၁ ကီလို ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၅

**မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၃၀ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၅၀၀ ကီလိုနှင့် ကက်တမင်း ၁ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**



မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၈ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကုတ် - ပြင်ဦးလွင်သွား ကားလမ်း၊ ဆင်စားကုန်းကျေးရွာအနီးတွင် မိုးကုတ်ဘက်မှ ပြင်ဦးလွင်ဘက်သို့ ငွေအောင်မောင်းနှင်ပြီး မင်းမင်း လိုက်ပါလာသည့် Dongfeng ခြောက်ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်တွင် ဘီလပ်မြေအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ်၃၀ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၅၀၀ ကီလိုနှင့် ကက်တမင်း ၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်နှင့် ကက်တမင်းတို့ကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ အတွင်းရေးမှူး ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှိုင်သာယာစက်မှုဇုန်(၃)ရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသုံးဆီများ ၃၃ ဒသမ ၁၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၃၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်**

အလားတူ အောက်တိုဘာ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Clear Float Glass များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၅၂၉၂၄)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီ(OSS)ကုန်သွယ်ရေးဇုန်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Galva Nized Steel Pipe များ ၄၀၀၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိသည့် တရားမဝင်ကုန်ပစ္စည်းများ

ထို့ပြင် အောက်တိုဘာ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Anbo အမျိုးအစား လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မုံရွာမြို့ ကျွဲရဲပူးပေါင်းစစ်ဆေးရေးဂိတ်၌ အကောက်ခွန်မဲ့ BENSON တံဆိပ် စီးကရက် ဂျပ်ဖာ ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Nissan အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၂၅၀၀၀၀)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်**

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၃၉ ဒသမ ၉၉၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၃၆၀၅၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာလ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၁၀၈၉၇၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




## ဝင်းနားအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ပိုတာပိုဗာ ထိုက်ထိုက်တန်တန် တက်လှမ်း

ရိုမေးနီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ဝင်းနားအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် အနာစတာစီယာ ပိုတာပိုဗာက ဟန်ဂေရီ တင်းနစ်မယ်ကို အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် အသက် ၂၁ နှစ်အရွယ် ပိုတာပိုဗာက ပြိုင်ဘက်ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ၇-၅၊ ၆-၃၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်ကို ထိုက်ထိုက်တန်တန် တက်လှမ်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဝင်းနားအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ပိုတာပိုဗာနှင့်အတူ တရုတ်တင်းနစ်မယ် ဝမ်၊ ရုရှားတင်း နစ်မယ် ဘီလင်ကိုဗာ၊ အီတလီတင်းနစ်မယ် ပါအိုလီနီတို့ တက်ရောက်နိုင်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ပိုတာပိုဗာက ဘီလင်ကိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဝမ်က ပါအိုလီနီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## မန်စီးတီးအသင်း၌ ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒင် စာချုပ်သစ်ချုပ်ဆို



အင်္ဂလန်ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒင်သည် မန်စီးတီးအသင်း၌ ၂၀၂၇ ခုနှစ်ရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ကြောင်း သိရသည်။

ယခုနှစ်ရာသီ ပရီမီယာလိဂ် ကိုးပွဲတွင် ခြောက်ဂိုးအထိ သွင်းယူထားသည့် ဖိုဒင်၏ ယခင်ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၄ ခုနှစ်တွင် ကုန်ဆုံးတော့မည် ဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် ဖိုဒင်က မန်စီးတီးအသင်း၏ လူငယ်အကယ်ဒမီထွက် အထွန်းတောက်ဆုံး ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာတွင် မန်စီးတီးအသင်းနှင့် ပွဲဦးထွက်ကစားခဲ့သည်။

မန်စီးတီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၈၂ ပွဲတွင် သွင်းဂိုးပေါင်း ၅၂ ဂိုးအထိ သွင်းယူရရှိထားသူဖြစ်သည်။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ် ကိုးပွဲကစားပြီး ခုနစ်ပွဲ နိုင်ပွဲရရှိမှုနှင့်အတူ ရမှတ် ၂၃ မှတ်ဖြင့် ဦးဆောင်သူ အာဆင်နယ်အသင်းကို ဖိအားပေးလျက်ရှိသည်။

■ အောင်ဇော် - စုစည်းသည်

## ထင်ရှားကျော်ကြားသော သွင်းဂိုးနှစ်ဂိုး သွင်းယူရရှိရန် ဒီယေဂို မာရာဒိုနာ အသုံးပြုခဲ့သည့် ဘောလုံးကို လေလံတင်ရောင်းချမည်



ဘောလုံးလောကတွင် ထင်ရှားကျော်ကြားသော သွင်းဂိုးနှစ်ဂိုး သွင်းယူရရှိရန် ဒီယေဂို မာရာဒိုနာ အသုံးပြုခဲ့သည့် ဘောလုံးကို လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

၁၉၈၆ ခုနှစ်က ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဖြစ် အင်္ဂလန်နှင့် အာဂျင်တီးနားအသင်းတို့ ပွဲစဉ်၌ အသုံးပြုခဲ့သည့် အဆိုပါ ဘောလုံးကို လေလံတင် ခန့်မှန်းဈေးနှုန်း ပေါင် ၂ ဒသမ ၅ သန်းမှ ၃ သန်းအထိ ရောက်ရှိဖွယ်ရှိကြောင်း သိရသည်။ မာရာဒိုနာ၏ လက်ဖြင့်သွင်းယူသောဂိုးကို ခွင့်ပြုပေးခဲ့သည့် တူနီးရှားကွင်းလယ်ဒိုင် အလီဘင်နာဆာက ဘောလုံးကို ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၌ ပွဲချိန် ၅၁ မိနစ်တွင် အင်္ဂလန်အသင်းဘက်သို့ သွင်းယူခဲ့သော မာရာဒိုနာ၏ သွင်းဂိုးသည် ဘုရားပေးသောလက်ဟု လူသိများ ကျော်ကြားခဲ့သလို ပွဲချိန် ၅၅ မိနစ်တွင် အင်္ဂလန်ကစားသမား ငါးဦးခန့်ကို ကျော်ဖြတ်ကာ သွင်းယူရရှိခဲ့သော မာရာဒိုနာ၏ ဒုတိယသွင်းဂိုးသည်လည်း ရာစုနှစ်၏ အကောင်းဆုံးသွင်းဂိုးအဖြစ် လူသိများလာခဲ့သည်။ အဆိုပါ ဘောလုံးကို ပွဲချိန်ပြည့်အသုံးပြုခဲ့ပြီး ပွဲပြီးချိန်တွင် အာဂျင်တီးနားအသင်းက မာရာဒိုနာ၏ သွင်းဂိုး နှစ်ဂိုးနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့သည်။

# မြန်မာသင်္ဘောသားများ အာမခံထားရှိပါက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားများ အသက်အာမခံ ထားရှိမှုလုပ်ငန်းများဆိုင်ရာ သိကောင်းစရာဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် Dai – ichi – Life အသက်အာမခံမှ Assistant Vice President ဖြစ်သူ မြပြည့်စုံ က နိုင်ငံတကာပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာသင်္ဘောသားများ တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ခြင်း၊ ပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရမှုအတွက် အသက်အာမခံထားရှိပါက အာမခံကြေးရရှိနိုင်မည့် အခွင့်အလမ်းတို့ကို ရှင်းလင်းပြောကြားသွားသည်။

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်သည် သင်္ဘောသားအလုပ်သမားများ လျော်ကြေး နစ်နာကြေးရလိုခြင်းတို့က ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးမင်းသူရ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉–သုဝဏ္ဏ)(တန်ဖိုးနည်း)၊ ကမာကြည်လမ်း၊ မြေကွက်အမှတ်(၃၄/က)၊ အကျယ်အဝန်း(၃၄ပေ× ၅၂ပေ)ရှိ ဦးခင်မောင်သန်း (၁၂/မဂဒ (နိုင်) ၀၃၀၅၄၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးခင်မောင်သန်း၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၆၂၇/၂၀၁၄)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းထွန်းဝင်း (၁၂/ဗဟန (နိုင်) ၀၀၁၂၈၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နီလာရွာ ဂျာနယ်
ထွက်ရှိ



၁၅–၁၀–၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၂၀)တွင်
- မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ကြစို့
- စားသုံးဆီဖူလုံစေမည့် ဆီထွက်သီးနှံ ပန်းနှမ်းစိုက်ပျိုးရေး
- ဆောင်းသီးနှံသီးထပ်အဖြစ် တိုးချဲ့စိုက်ပျိုးသင့်သော ကုလားပဲ
- စပါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးမှုအကြောင်း သိကောင်းစရာ
- အသွင်ပြောင်းမှုမှတစ်ဆင့် ပြုပြင်ပြောင်းလဲခြင်းသို့ ဖော်ဆောင်သည့် ဘရာဇီးလ်နိုင်ငံ
- ကြက် ဘဲမွေးမြူရေးနှင့် ရောဂါကုသနည်းများ
- တိရစ္ဆာန်တို့၏သဘာဝနှင့် ကျန်းမာရေး
- ကမ္ဘာလုံးဆိုင်ရာကျန်းမာဖို့ ဘဝတစ်သက်တာ လက်ဆေးစို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသည် ကျွန်ုပ်တို့မိတ်ဆွေ ဦးတင်အောင်မြင့် (၁၂/အလန(နိုင်)၀၃၀၄၅၅)မှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၇၉၃၇/၂၀၂၂)ဖြင့် (၂၈–၉–၂၀၂၂)နေ့တွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်ဖြစ်သော **"ရွှေလုံ"** အမည်ဖြင့် အိမ်ခြံမြေရောင်းဝယ်ရေး အထွေထွေ ဝန်ဆောင်မှုလုပ်ငန်းကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝှမ်းတွင် ရုံးခန်းများဖွင့်လှစ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

(၇၉၃၇/၂၀၂၂)

အထက်ပါ **"ရွှေလုံ"** အကုန်အမှတ် တံဆိပ်အမည်နှင့် ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ ပုံတူပုံမှား ထင်ယောင်ထင်မှား ၊ သံတူကြောင်းကွဲ မြန်မာအင်္ဂလိပ် အဓိပ္ပါယ်တူ ဆင်တူယိုးမှား တုပသုံးစွဲခြင်းမပြုရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B.
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

Hein Htet San Law Firm ဖုန်း–၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ သံသုမာလမ်း၊ တိုက်အမှတ် (၁၂၇/၂)၊ အခန်းအမှတ်–(တတိယထပ်)(၄–လွှာ)၊ အကျယ်အဝန်း (၂၇ပေ× ၆၂ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးသန်းအောင် (၁၀/ပမန (နိုင်) ၀၈၈၇၀၃) နှင့် ဒေါ်တိမ်ရတီလင်းကြည် (၇/ဖမန (နိုင်) ၂၆၀၂၂၀)တို့ (၂)ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B.
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

Hein Htet San Law Firm ဖုန်း–၀၉၅၅၀၆၁၄၆၊၀၉ ၄၅၅၅၀၆၁၄၆

# ရန်ကုန်မြို့ရှိ ဆင်ခြေဖုံးမြို့နယ်များ၌ အိမ်၊ ခြံ၊ မြေ ဈေးကွက် အရောင်းအဝယ် ပုံမှန်ဖြစ်နေ

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်၊ ခြံ၊ မြေ ဈေးကွက်သည် အရောင်းအဝယ်ပုံမှန်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံအိမ်ခြံမြေ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ယခုပွင့်လင်းရာသီတွင် မြန်မာ့ဓလေ့ထုံးစံများအရ နေအိမ်ပြောင်းရွှေ့လုပ်ကိုင်မှု များလာကြောင်း၊ တစ်ဖက်ရွှေ့ပြောင်းလုပ်ကိုင်မှုတွေများလာခြင်းကြောင့် ရန်ကုန်မြို့ရှိ အခြေခံလူတန်းစားများသည့် ဆင်ခြေဖုံး မြို့နယ်များတွင် အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်နှင့် အငှားဈေးကွက် မြင့်လာခြင်းဖြစ်ကြောင်း သိရသည်။ “အိမ်ခြံမြေက ကိုဗစ်မတိုင်မီကပုံမှန်လေးပေါ့၊ ပုံမှန်လေးကနေ ကိုဗစ်ကာလမှာ အကောင့်ထရမ်စဖော်မာနဲ့ဝယ်တယ်၊ ဝယ်ရာကနေ ဈေးကွက်က အရောင်းအဝယ်တွေဖြစ်လာတယ်၊ အဲဒီနောက်ပိုင်းကျတော့ တစ်ခါအကောင့်တစ်ဝက်၊ ငွေသားတစ်ဝက်ဆိုပြီး အဲဒါမျိုးတွေလည်း ဝယ်ကြတယ်။ အိမ်ခြံမြေဈေးကွက်က ပြီးခဲ့တဲ့ တစ်နှစ်ခွဲလောက် တော်တော်လေးကောင်းသွားတယ်၊ အခုပြန်အေးသွားတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်းဥက္ကဋ္ဌ ဦးသိန်းလွင်က ပြောသည်။ အဓိက အရောင်းအဝယ်ရှိနေပြီး အငှားဈေးကွက်ကောင်းနေသည့် ဆင်ခြေဖုံး မြို့နယ်များဖြစ်သည့် ဒဂုံ မြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း မြို့နယ်များအပြင် ရွှေပေါက်ကံ၊ လှိုင်သာယာ၊ ရွှေပြည်သာနှင့် သုဝဏ္ဏမြို့နယ်များဖြစ်သည်။ အဆိုပါမြို့နယ်များရှိ ရပ်ကွက်နေ အိမ်ရာတိုက်ခန်းများတွင်ယခင်က သိန်း ၃၀၀ ပေါက်ဈေးရှိရာက ယခု ငွေကျပ် ၄၅၀ သိန်းအထိ ဈေးမြင့်တက်နေကြောင်း၊ လုံးချင်းအိမ်ရာ လမ်းမတန်းတွင် ယခင်သိန်း ၁၀၀၀ မှ ယခုသိန်း၂၀၀၀ ရှိကြောင်း၊ အတွင်းပိုင်းတွင် ယခင်သိန်း ၁၀၀၀ မှ ယခုသိန်း ၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြပြီး လုံးချင်းနှင့်မြေကွက်ဈေးနှုန်းများသည် မြို့နယ်အလိုက်ပေါ်မူတည်၍ ဈေးမြင့်တက်နေကြောင်း မြန်မာနိုင်ငံအိမ်ခြံမြေ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းထံမှ သိရသည်။

အာကာလင်း

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၉)လမ်း၊ တိုက်အမှတ် (၁၁၆/၂) (၆)ထပ်တိုက်၏ အခန်း–(တတိယထပ်)(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅ပေ× ၅၅ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာအောင် (၁၂/သဃက(နိုင်) ၀၃၇၉၉၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B.
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)

Hein Htet San Law Firm ဖုန်း–၀၉၅၅၀၆၁၄၆၊၀၉ ၄၅၅၅၀၆၁၄၆

# အုတ်တွင်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပ

**အုတ်တွင်း အောက်တိုဘာ ၁၅**



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာနေပြည်သူများ စားသုံးဆီဖူလုံစေရေးနှင့် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က အုန်းပင်အုပ်စု သံဒိုင်ခင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူးက မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသက်သက်ထွန်းကမြစိမ်းရောင်စီမံကိန်း(ဆီထွက်သီးနှံ) နေကြာစိုက်ပျိုးမည့် တောင်သူ ၃၂ ဦး၊ အခြားသီးနှံစိုက်ပျိုးမည့် တောင်သူ၃၅ ဦး တို့အတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြစိမ်းရောင်စီမံကိန်း ကော်မတီဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

